# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၄**

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ ၌ ရွှေတံဆိပ်ဆုနှင့် ပိုက်ကျော်ခြင်း(အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် အောင်ဇော်အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။




## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

### ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် ( စနေနေ့ )



"Cooperatives: partners for accelerated sustainable development"

"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"

# အနာဂတ်မျိုးဆက်သစ်လူငယ်များ မူးယစ်အန္တရာယ်ကင်းစင်ကြံ့ခိုင်ရေး

မျက်မှောက်ကမ္ဘာတွင် မူးယစ်ဆေးဝါးသည် ကမ္ဘာ့နိုင်ငံတိုင်းလိုလို ရင်ဆိုင်နေကြရသော ပြဿနာဖြစ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် အန္တရာယ်ဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် လွန်စွာရှုပ်ထွေးပြီး တားဆီးကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် တစ်နိုင်ငံချင်း ဆောင်ရွက်၍မရဘဲ အိမ်နီးချင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံတို့အပါအဝင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ကြရခြင်းဖြစ်သည့်အလျောက် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့" အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နှစ်စဉ်ကျင်းပဆောင်ရွက်နေခြင်းဖြစ်သည်။

ယစ်မူးစွဲလမ်းစေသော မူးယစ်ဆေးဝါးသည် လူတစ်ဦးချင်းအတွက်ရော၊ လူ့အသိုက်အဝန်း တစ်ခုစီအတွက်နှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက်ပါ အန္တရာယ်ဖြစ်ခြင်းကြောင့် ရှေးခေတ်အဆက်ဆက်ကပင် တားမြစ်ခဲ့ကြသည်။ အသစ်အဆန်းကို စူးစမ်းတတ်သော သဘာဝရှိသည့် လူငယ်များသည် မူးယစ်ဆေးဝါးရောင်းချသူ၊ ဖြန့်ဖြူးသူတို့၏ ဈေးကွက်များပင်ဖြစ်ပြီး လူငယ်များ၏လက်ထဲသို့ နည်းမျိုးစုံဖြင့် ရောက်ရှိလာသည့် မူးယစ်ဆေးဝါးများက သုံးစွဲသူ၏ဘဝကို ပျက်စီးစေခြင်းဖြစ်သည်။ အသက်အရွယ်အလိုက်၊ ငွေကြေးသုံးစွဲနိုင်သည့် အခြေအနေအလိုက် လူငယ်အသိုက်အဝန်းများအတွင်း မူးယစ်ဆေးဝါးများကလည်း ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်နေကြရာ တစ်ခါစမ်းသပ်မိရာမှ အစရှိအနှောင်နှောင်ဆိုသလို မရှောင်နိုင်ဘဲ စွဲလမ်းကာ ပျက်စီးမှုလမ်းကြောင်းပေါ် ရောက်ကြရခြင်းဖြစ်သည့်အတွက် အသိတရားဖြင့် သတိထားရှောင်ရှားနိုင်ကြရန်လိုသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံအတွက် အနာဂတ်လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လူငယ်များအပေါ်တွင် အဓိကခြိမ်းခြောက်နေခြင်းဖြစ်ရာ အခြေခံပညာကျောင်းသူ ကျောင်းသားအရွယ်များမှစ၍ မူးယစ်ဆေးဝါးတို့၏ လူ့စွမ်းအားများကို ဖျက်ဆီးတတ်သည့် အာနိသင်၊ လူတစ်ဦး၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသော ဗလငါးတန်တို့ကို ပျက်စီးစေနိုင်သည့်သဘောတို့ကို ကောင်းစွာသိနားလည်ထားကြစေရန် သင်ကြားမှု၊ အသိပညာပေးမှုတို့ပြုလုပ်ပေးရမည့်အပြင် မူးယစ်ဆေးဝါးကို ဆန့်ကျင်တိုက်ဖျက်လိုသော၊ မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်လိုသော စိတ်ဓာတ်များပေါ်ထွန်းရေးအတွက်ပါ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုသည်။ လူငယ်အများအပြားစုရုံးရာနေရာများ၊ လူငယ်အသိုက်အဝန်းများ၏ ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ အသွင်အမျိုးမျိုးဖြင့် ရောက်ရှိနေခြင်းကိုလည်း ပြတ်ပြတ်သားသားရှင်းလင်းဖယ်ရှားနိုင်ကြရန် လိုသည်။

မိမိတို့နိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အစိုးရအဆက်ဆက်က လုပ်ဆောင်ခဲ့ကြသော်လည်း လက်ရှိကာလအထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကို ပမာဏကြီးမားစွာ မကြာခဏ တွေ့မြင်နေရဆဲဖြစ်နေသည်။ တစ်ချိန်က ဘိန်းအခြေခံမူးယစ်ဆေးဝါးများ၏နေရာတွင် ဓာတုပစ္စည်းများအခြေခံသည့် မူးယစ်ဆေးဝါးများက ပိုမိုကျယ်ပြန့်လာနေပြီး မူးယစ်ဆေးဝါးအမျိုးအစားသစ်များစွာလည်း ပေါ်ထွက်လာနေသည်။ ၎င်းမူးယစ်ဆေးဝါးတို့၏ အာနိသင်ကလည်း ဘိန်းဖြူ၊ မော်ဖင်း စသည်တို့ထက် အဆပေါင်း ၅၀ - ၁၀၀ ပိုမိုပြင်းထန်သလို ထုတ်လုပ်ရန်မှာလည်း ပိုမိုလွယ်ကူသည်ဟုဆိုရာ နှိမ်နင်းနိုင်ရန်လည်း ခက်ခဲသည်။ မူးယစ်ဆေးအသစ်တို့က ပိုမိုပြင်းထန်လာသည့်အလျောက် အသက်အန္တရာယ်နှင့်လည်း အလွန့်အလွန်နီးသည်ကို လူငယ်များ သိရှိထားကြရန်လိုသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများသည် မိမိတို့နိုင်ငံတွင် ထုတ်လုပ်ခြင်းမရှိသော်လည်း အိမ်နီးချင်းနိုင်ငံကြီးများတွင် ထုတ်လုပ်လျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများသည် တည်ငြိမ်အေးချမ်းမှုမရှိသော၊ တရားဥပဒေစိုးမိုးမှုနှင့် အလှမ်းဝေးသောဒေသများတွင် တည်ရှိနေကြခြင်းဖြစ်ရာ နိုင်ငံအတွင်း ဖြတ်သန်းသယ်ဆောင်ရာလမ်းကြောင်းများတွင် ဖမ်းဆီးခြင်း၊ လူငယ်များစုရုံးကြသည့် ကလပ်များ၊ ဘားများ၊ KTV များတွင် စဉ်ဆက်မပြတ် စောင့်ကြည့်တားဆီးခြင်း၊ လူငယ်လူရွယ်များအတွင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသိပညာပေးမှုများ မြှင့်တင်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးကာ ကျန်းမာကြံ့ခိုင်နိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် လယ်ယာသုံးစက်ကိရိယာများ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စနစ်တကျစီမံဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြား



**နေပြည်တော် ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဇွန် ၂၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင် ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာနသို့ ရောက်ရှိပြီး ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးမွေးမြူခြင်း၊ ပိုးရောဂါစစ်ဆေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒိုးကွင်းဥယျာဉ်ခြံ၌ ဆေးဖက်ဝင်သစ်ခွနှင့် ရှားပါးသစ်ခွမျိုးများ မျိုးထိန်း၊ မျိုးပွား ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုပြီး တန်ဖိုးမြင့် သစ်ခွမျိုးသစ်များ မျိုးပွားထုတ်လုပ်နိုင်ရေးနှင့် သစ်ခွစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးလာရေးအားပေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ အောင်မြေသာစံမြို့နယ်ရှိ မွေးမြူရေးသုတေသန ဦးစီးဌာန မွေးမြူရေး သုတေသနစခန်း (မန္တလေး)သို့ ရောက်ရှိကြပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ လယ်ယာသုံးစက်ကိရိယာအရည်အသွေး စမ်းသပ်စစ်ဆေးရေးဌာန၏ လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ၏ စွမ်းဆောင်ချက် အရည်အသွေးနှင့် တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်မှု၊ စက်ကိရိယာများ၏ ဘေးကင်းလုံခြုံမှုနှင့် ရေရှည်အသုံးခံနိုင်မှု ရှိ/မရှိ သိရှိနိုင်ရေး စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဒေသအစိုးရများ၏ ကြီးကြပ်မှုဖြင့် ဌာနပိုင် လယ်ယာသုံးစက်ကိရိယာများ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် နတ်ရေကန်ငါးလုပ်ငန်းစခန်း ငါးသားပေါက်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံငါးမွေးတောင်သူများ လိုအပ်သောငါးသားပေါက် ထုတ်လုပ်မှုနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ငါးမျိုးစိုက်ထည့်ခြင်းအတွက် ကျန်းမာသန်စွမ်းသော ငါးသားပေါက်များ ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)သို့ ရောက်ရှိပြီး လယ်ယာသုံး စက်ကိရိယာများ ပြန်လည် ထုတ်လုပ်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ လက်တွန်းထွန်စက် တပ်ဆင်ရေးအလုပ်ရုံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမှာစာရင်း ပေးပို့ထားသည့် မျိုးစေ့ချကိရိယာများ ထုတ်လုပ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ် ကျော်ဇေယျာဝင်းအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုတို့ ရရှိခဲ့သည့် တပ်ကြပ်ကြီး စိုးပေအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့် ဝန်ထမ်း မမေဇင်နွယ်အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့် ဝန်ထမ်း မရူပါခိုင်အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

❖ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

## ဂုဏ်ပြုအမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့ တတ်ကျွမ်းထားသည့် အားကစားပညာရပ်များကို အသုံးချပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် **"လှေခွက်ချည်းကျန် အလံမလှဲတဲ့ စိတ်ဓာတ်"**၊ **"တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်"** များဖြင့် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် အားကစားသမားများကို ယခုကဲ့သို့ ဂုဏ်ပြုပေးခြင်းသည် ချီးမြှင့်ထိုက်သူကို ချီးမြှင့်ပေးခြင်းနှင့် မျိုးဆက်သစ် အားကစားသမား မောင်မယ်များ အနေဖြင့်လည်း တိုင်းချစ်ပြည်ချစ်စိတ်များ ပိုမိုတိုးပွားပြီး အားကျအတုယူစေနိုင်ရေးအတွက်ပင်ဖြစ်ကြောင်း။

**"(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အား အပ်နှင်းလိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်သည် နိုင်ငံတော်၏ ဂုဏ်ဒြပ်သာမက အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည့်ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားရန်"** ဟူ၍ မိမိကိုယ်တိုင် အားကစားသမားများကို ပြိုင်ပွဲမသွားရောက်မီ အောင်နိုင်ရေးအလံ အပ်နှင်းစဉ် မှာကြားခဲ့ကြောင်း၊ မှာကြားချက်နှင့်အညီ မိမိတို့ထံရောက်ရှိလာသည့် ရည်မှန်းချက်တာဝန်များအပေါ် နိုင်ငံ့သားကောင်း၊ တပ်မတော်သားကောင်းဟူသည့် စိတ်ဓာတ်ခံယူချက်များဖြင့် အမိနိုင်ငံတော်၏အလံကို တင့်တယ်ဝင့်ထည်စွာ လွှင့်ထူနိုင်အောင် ကြိုးပမ်းခဲ့ကြခြင်းအားဖြင့် မြန်မာပီသသည့်စိတ်ကို ပြသခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့်တကွ အားကစားသမားတစ်ဦးတစ်ယောက်ချင်းစီကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

အားကစားသမားများအနက် မသန်စွမ်းအားကစားသမားများသည် သာမန်အားကစားသမားများထက် ပိုမိုထက်သန်ပြင်းပြသည့် ပြိုင်ပွဲဝင်စိတ်ဓာတ်မျိုးနှင့် ကြိုးစားအားထုတ်မှုမျိုးရှိမှ အောင်မြင်မှုရရှိနိုင်သည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အဆင့်အတန်းဂုဏ်သိက္ခာရှိသည့် နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်တွင် နိုင်ငံတော်ကိုယ်စားဆုတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် အောင်ပွဲရ မသန်စွမ်းအားကစားသမားများသည်မသန်စွမ်းဖြစ်သော်လည်း သာမန်လူများနည်းတူ မိမိတို့ဘဝရပ်တည်မှုနှင့် ထူးချွန်အောင်မြင်မှုများကို ရယူဖန်တီးနိုင်စွမ်းရှိသည်ကို လက်တွေ့သက်သေပြလိုက်ကြခြင်းပင် ဖြစ်ကြောင်း၊ အထူးသဖြင့် **တိုင်းပြည်အတွက် ခန္ဓာအစိတ်အပိုင်း ပေးလှူခဲ့ရသူများက စိတ်ဓာတ်ခိုင်မာပြင်းပြစွာဖြင့် အောင်မြင်မှုရရှိအောင် စွမ်းဆောင်မှုများအတွက် ချီးကျူးဂုဏ်ပြုလိုကြောင်း**၊ ထို့အပြင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသည့် အခြားတပ်မတော်သားများကိုလည်း မိမိတို့၏ ကျန်းမာရေးအတွက်ပင်ဖြစ်စေ အားကစားကို လေ့လာလိုက်စားကြစေရေး လှုံ့ဆော်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားနည်းအများစုသည် ကာယအား၊ ဉာဏအားများနှင့် ယှဉ်ပြိုင်ကြရသည့် သဘောရှိသည်ကို တွေ့ရှိရကြောင်း၊ အများစုသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုကိုအခြေတည်ပြီး ယှဉ်ပြိုင်ကြရလျက်ရှိကြောင်း၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

စိတ်ရှည်သည်းခံမှုအပြည့်နှင့် လေ့ကျင့်နည်းစနစ်မှန်ကန်ပြီး သက်လုံကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ လက်ဝှေ့၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်းစသည့် အားကစားနည်းများမှ ကိုယ်ကာယကြံ့ခိုင်မှုအပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရသည့် တပ်မတော်သားများအတွက် တိုက်ပွဲဝင်အသင့်ဖြစ်စေသည့် ကာကွယ်ရေးစွမ်းအားများကိုပါ ရရှိစေမည်ဖြစ်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တပ်မတော်သားအားကစားသမားများအနေဖြင့် ကာကွယ်ရေးနှင့်ဆိုင်သည့် ကိုယ်ခံပညာရပ်များတွင် ဆုအသီးသီးရရှိခဲ့ကြသကဲ့သို့ နည်းပြများအနေဖြင့်လည်း ထိုနည်းအတိုင်း စွမ်းဆောင်ပေးနိုင်ခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ရိုးရာအားကစားနည်း ပြိုင်ပွဲများတွင်လည်း ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်အောင် ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်သည်အထိ စွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ကြကြောင်း၊ **အနိုင်မခံအရှုံးမပေး စိတ်ဓာတ်အပြည့်ဖြင့် နောက်ဆုံး မိနစ်၊ နောက်ဆုံး စက္ကန့်အထိ ခက်ခဲသည့် အင်အားကြီး ပြိုင်ဘက်များကို မလျှော့သော ဇွဲ၊ လုံ့လများဖြင့် တုံ့ပြန်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ အပါအဝင် အမျိုးသမီးအားကစားသမားများ၏ ပုံရိပ်များသည် ပြည်သူများ၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့သည်အထိ အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရှိရ**ကြောင်း။

မိမိတို့တပ်မတော်၌ တပ်ခွဲအလိုက် အားကစားပြိုင်ပွဲများမှတစ်ဆင့် တပ်ရင်းအလိုက်ပြိုင်ပွဲများ၊ ထိုမှတစ်ဆင့် တိုင်းအလိုက်ပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အားကစားသည် ကျန်းမာရေးအတွက် ကောင်းကျိုး အဖြာဖြာကိုရရှိစေသကဲ့သို့ စည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကောင်းစွာအထောက်အကူ ပြုလျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

- ◆ **တိုင်းပြည်အတွက် ခန္ဓာအစိတ်အပိုင်း ပေးလှူခဲ့ရသူများက စိတ်ဓာတ်ခိုင်မာပြင်းပြစွာဖြင့် အောင်မြင်မှုရရှိအောင် စွမ်းဆောင်မှုများအတွက် ချီးကျူးဂုဏ်ပြုလို**
- ◆ **အနိုင်မခံအရှုံးမပေး စိတ်ဓာတ်အပြည့်ဖြင့် နောက်ဆုံး မိနစ်၊ နောက်ဆုံး စက္ကန့်အထိ ခက်ခဲသည့် အင်အားကြီး ပြိုင်ဘက်များကို မလျှော့သော ဇွဲ၊ လုံ့လများဖြင့် တုံ့ပြန်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ အပါအဝင် အမျိုးသမီး အားကစားသမားများ၏ ပုံရိပ်များသည် ပြည်သူများ၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့သည်အထိ အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရှိရ**

### ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် ပိုက်ကျော်ခြင်း (အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် အောင်ဇော်၊ ခြင်းလုံး (ကွင်းသွင်း) (အသင်းလိုက်) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် အောင်ကျော်မိုး၊ တပ်ကြပ်ကျော်ဇေယျာဝင်းနှင့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် (မီတာ ၈၀၀) (တစ်ဦးချင်း)ပြိုင်ပွဲနှင့် ပြေးခုန်ပစ်(မီတာ ၁၅၀၀) (တစ်ဦးချင်း) ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၄၀၀) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုနှင့် ပြေးခုန်ပစ် (မီတာ ၄၀၀ လက်ဆင့်ကမ်း) (အသင်းလိုက်) ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်မောင်လင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးက (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့်ဝန်ထမ်း မမေဇင်နွယ်နှင့် မအေးအေးမိုးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် (လုံတံပစ်)(တစ်ဦးချင်း) ပြိုင်ပွဲနှင့် ပြေးခုန်ပစ်(သံလုံးပစ်) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် ပြေးခုန်ပစ် (သံပြားပစ်) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် တင်ညို၊ ပြေးခုန်ပစ် (မီတာ ၁၀၀)(တစ်ဦးချင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၂၀၀) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၁၀၀) (အသင်းလိုက်) ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုနှင့် ပြေးခုန်ပစ် (မီတာ ၄၀၀) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆု တို့ကိုရရှိခဲ့သည့် တပ်ကြပ်ကြီး စိုးပေ၊ ပြေးခုန်ပစ်(သံပြားပစ်) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် ပြေးခုန်ပစ် (သံလုံးပစ်)(တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ် အောင်ထွန်းလင်းနှင့် ပြေးခုန်ပစ် (သံပြားပစ်) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ် ရဲမင်းစိုးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု(၂)ဆုရရှိခဲ့သည့် ဒုတိယတပ်ကြပ် စိုးဝင်းအား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု ရရှိခဲ့သည့် အရပ်သားအစားခန့် ဝန်ထမ်း မရူပါခိုင်နှင့် မခင်သန်းဝေတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း(အသင်းလိုက်)ပြိုင်ပွဲများ၌ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် သန့်ဇင်ဦး၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် (သံလုံးပစ်)(တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု ရရှိခဲ့သည့် တပ်ကြပ်ဇော်မင်းလွင်၊ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ကာယဗလ(၅၅ ကီလိုတန်း)(တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ပြည့်ဖြိုး၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူး (မီတာ ၁၀၀ အလွတ်ကူး)(တစ်ဦးချင်း) ပြိုင်ပွဲနှင့် (မီတာ ၄၀၀ အလွတ်ကူး)(တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆု(၂)ဆု ရရှိခဲ့သည့် ဒုတိယတပ်ကြပ် စိုးဝင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ထို့နောက် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ ကိုယ်စား တပ်ကြပ်ကြီး စိုးပေက ကျေးဇူးတင်စကားပြောကြားရာတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများနှင့် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် အခြေအနေများကို ဦးစွာ ရှင်းလင်းတင်ပြပြီး **နိုင်ငံတကာပြိုင်ပွဲများတွင် တပ်မတော်သား အားကစားသမားများ အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်ပြီး အောင်ပွဲများ ဆွတ်ခူးနိုင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း**၊ ထိုကဲ့သို့ အောင်ပွဲများ ဆွတ်ခူးရရှိခဲ့ခြင်းမှာလည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ အားပေးမှု၊ ပံ့ပိုးကူညီမှုများကြောင့်ပင် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် ကာလအတွင်း ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့သည့်အပြင် ဆုတံဆိပ် အမျိုးအစားအလိုက် ယခင်နှင့်မတူ ထပ်မံချီးမြှင့်ပေးမှုများကို ပြုလုပ်ပေးခဲ့သည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ **မိမိတို့ တပ်မတော်သား အားကစားသမားများနှင့် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများအား တစ်ဆင့်မြင့်ရာထူးတိုးပေးခြင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း**၊ **နောင်တွင်ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံတော်နှင့် တပ်မတော်ကို ကိုယ်စားပြု၍ ယခုထက်အောင်မြင်မှုများ ပိုမိုရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို အစွမ်းကုန်မြှင့်တင်သွားမည်ဖြစ်ကြောင်း**ကို ကတိပြုပြောကြားလိုပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဖျော်ဖြေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇွန် ၂၄**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မြစ်ကြီးနား) သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန် အိတ် ၈၂၁၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ဒဂုံ ရမ်/ အချိုရည် ၁၇ အိတ် စုစုပေါင်း ကုန်တန်ချိန် ၄၆၆ ဒသမ ၄၅ တန်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းတံတား၌ တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ပို့ဆောင်ရန် ထွက်ခွာသွားသည်။




အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုယ်တိုင်ငါးမွေးထုတ်လုပ်သူများက ပြည်သူများထံ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**လပွတ္တာ ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုအရ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုတို့ဖြင့် မြို့နယ်အတွင်း ကိုယ်တိုင် ငါးမွေးထုတ်လုပ်သူများက ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ငါးမြစ်ချင်း ပိဿာ ၁၀၀ ကို ဇွန် ၂၄ ရက်က ရောင်းချပေးသည်။

လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့၌ ရောင်းချပေးခြင်းဖြစ်ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုယ်တိုင်ငါးမွေးထုတ်လုပ်သူများ ပူးပေါင်း၍ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြစ်သည့် ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ နှုန်းဖြင့် လပွတ္တာမြို့ပေါ်တွင် ပိဿာချိန် ၅၀ ကိုလည်းကောင်း၊ ၃-မိုင်မြို့သစ်တွင် ပိဿာချိန် ၅၀ ကိုလည်းကောင်း ရောင်းချပေးခဲ့သည်။ လပွတ္တာမြို့နယ်အတွင်းရှိ ပြည်သူများ ငါးမြစ်ချင်းငါးများကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အပတ်စဉ် စနေနေ့တိုင်းတွင် စားသုံးသူများ၏ လိုအပ်ချက်အပေါ် မူတည်၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဖြူးချောင်းအတွင်း ငါးသားပေါက် သုံးသိန်း ငါးမျိုးစိုက်ထည့်

**ဖြူး ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မြစ်၊ချောင်း၊ အင်းအိုင် သဘာဝရေပြင်များအတွင်း ငါးမျိုးများပျံ့နှံ့ပြီး ငါးသယံဇာတများ ပေါကြွယ်ဝစေရေးအတွက် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက တံခွန်တိုင်ကျေးရွာအုပ်စု ကျောင်းတော်ရာကျေးရွာ မေတ္တာပေါင်းကူးတံတားအနီး ဖြူးချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာတွင် တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ငါးမြစ်ချင်းသားပေါက် ၂၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက် ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ အား ဖြူးချောင်းရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



## ဝေါမြို့နယ်၌ တိရစ္ဆာန်အစာ နေပီယာမြက် သရုပ်ပြစိုက်ခင်း စိုက်ပျိုးပွဲကျင်းပ



**ဝေါ ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ တိရစ္ဆာန်အစာနေပီယာမြက် သရုပ်ပြစိုက်ခင်းစိုက်ပျိုးပွဲကို ကန်တော်ရပ်ကွက်ရှိ တောင်သူ ဦးတန်ပီ၏ ကုန်းမြင့်လယ်ယာမြေ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဝေါမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာချစ်ဇော်ဦးက တိရစ္ဆာန်အစာ နေပီယာမြက် သရုပ်ပြစိုက်ခင်းစိုက်ပျိုးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူ ဦးတန်ပီအား နေပီယာမြက်တစ်ဧက စိုက်ပျိုးရန်အသိပညာပေးလက်ကမ်းနှင့် နေပီယာမြက်ပျိုးပင်များကို ပေးအပ်ခဲ့သည်။

ထို့နောက် ဝေါမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာချစ်ဇော်ဦးနှင့် ဝန်ထမ်းများက တောင်သူများနှင့်အတူ စိုက်ပျိုးပေးကြောင်း သိရသည်။ **အောင်မြတ်လင်း(ပြန်/ဆက်)**

# စိုက်ပျိုးရေးကျောင်း ပျဉ်းမနားတည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂၄

**စိုက်ပျိုးရေးကျောင်း ပျဉ်းမနားစတင်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းဝင်းအတွင်းရှိ နှစ်(၁၀၀)သက်တမ်း ရှေးဟောင်းအဆောက်အအုံ ရှေ့၌ ကျင်းပသည်။**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူများ၊ စိုက်ပျိုးရေးအထက်တန်းကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားဟောင်းများက စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင်တည်ထောင်ခြင်း နှစ် (၁၀၀) ပြည့် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် စိန်ပန်း၊ သပြေဘူတ၊ ငုရွှေဝါပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက အထိမ်းအမှတ် ကမ္ပည်းကျောက်စာနှင့် ရှေးဟောင်းအဆောက်အအုံကမ္ပည်းကြေးပြားကို အမွေနှံ့သာရည်များ ပက်ဖျန်းပေးကြပြီး ခေတ်အဆက်ဆက်က သုံးစွဲခဲ့သည့် ရှေးဟောင်းလယ်ယာသုံး စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများနှင့် လက်သမားပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စမ်းသပ်ဖွင့်လှစ်ခဲ့သည့် Mr.Brayton Clarke Case (ဗိုလ်ကိတ်ကြီး) ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့သော **စိုက်ပျိုးရေးကျောင်းသြဘာသီချင်းဖြင့်** စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသော လူသားအရင်းအမြစ်များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရှင်များ သင်ကြားလေ့ကျင့် မွေးထုတ်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံ ဌာနခွဲအောက်တွင် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပျဉ်းမနားစိုက်ပျိုးရေးကျောင်းကို လွန်ခဲ့သော နှစ်ပေါင်း တစ်ရာ့လေးနှစ်ကျော်ခန့်မှ စတင်၍ စိုက်ပျိုးရေးကျောင်းအဖြစ် တည်ထောင်ခဲ့ကြောင်း။

မှတ်တမ်းများအရ ၁၉၁၇ ခုနှစ်တွင် Mr.Brayton Clarke Case (ဗိုလ်ကိတ်ကြီး)က စိုက်ပျိုးရေးကျောင်းကို စမ်းသပ်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးကျောင်းအဖြစ် တရားဝင်ဖွင့်လှစ်နိုင်ရေး လျှောက်ထားခဲ့ရာ စိုက်ပျိုးရေးကျောင်း (American Baptist Missionary (ABM) Agri-cultural School အဖြစ် ၁၉၂၃ ခုနှစ် ဇွန် ၆ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား ၃၉ ယောက် တက်ရောက်ခဲ့ကြောင်း၊ နှစ်(၁၀၀) ပြည့် သမိုင်းအထောက်အထားအဖြစ် ၁၉၂၃ ခုနှစ်၌ စိုက်ပျိုးရေးကျောင်းသစ်အတွက် ဆောက်လုပ်ခဲ့သည့် လယ်ယာစက်မှုအဆောက်အအုံကို တွေ့မြင်နိုင်ကြောင်း၊ စိုက်ပျိုးရေးပညာသင်ကြားခဲ့သည့် သမိုင်းတွင်သာမက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအရလည်း သမိုင်းတန်ဖိုးကြီးမားသည်ကို တွေ့ရှိရကြောင်း။

၁၉၅၄ ခုနှစ် ဇွန် ၁ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော စိုက်ပျိုးရေးသိပ္ပံအဖြစ် အဆင့်မြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး စိုက်ပျိုးမွေးမြူရေးပညာရှင် အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်တွင် အဆင့်မြင့်တာဝန်များအထိ ထမ်းဆောင်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း၊ ဆက်လက်၍လည်း စိုက်ပျိုးမွေးမြူရေးအတွက် အရည်အချင်းပြည့်ဝသော စံပြကျောင်းအဖြစ် ဝိုင်းဝန်းကြိုးစား ထိန်းသိမ်းသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဧည့်သည်တော်များကို အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခေတ်အဆက်ဆက် စိုက်ပျိုးရေးပညာရပ် သင်ရိုးညွှန်းတမ်း ပြခန်းများ၊ မျိုးစေ့ပြခန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများ၊ စက်မှုလယ်ယာသုံးယာဉ်များ၊ ပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေ ပေးဝေရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင်တည်ထောင်ခြင်း နှစ် (၁၀၀) ပြည့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားဟောင်းများဖြစ်ကြသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာမြင့်သောင်း၊ စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) ကျောင်းအုပ်ကြီး (အငြိမ်းစား) ဦးတင်ဆန်း၊ လက်ထောက်ကထိက (အငြိမ်းစား) ဦးချစ်ဝိုင်း၊ ပြင်ပစီးပွားရေးလုပ်ငန်းရှင် ဦးအောင်မိုးဟိန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လိုဂို၊ ပန်းချီ၊ ကဗျာ၊ သီချင်းနှင့် အားကစားပြိုင်ပွဲ၌ ဆုရရှိသူများကို ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇွန် ၂၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်း စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူကို ဆုချီးမြှင့်စဉ်။ ဇေယျာ(ပြန်/ဆက်)

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

*❊ ကျောဖုံးမှ*

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မျိုးစပါးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် မြန်မာ့တပ်မတော် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ မျိုးစေ့ထုတ် တောင်သူလယ်သမားများ အစုအဖွဲ့များနှင့် မျိုးစေ့ထုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် ပေါ်ဆန်းစပါးမျိုးများ၊ နံ့ကောက်နှင့် GW-11 မျိုးစပါးများကို ရခိုင်ပြည်နယ်အတွင်းရှိ စပါးစိုက်တောင်သူများထံ မိုးစပါးစိုက်ချိန်အမီ ဖြန့်ဖြူးပေးနိုင်ရေးအတွက် တပ်မတော်မော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*◆ ကျောဖုံးမှ*

အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန် ပွဲစဉ်ပထမနေ့ကို ဇွန် ၂၄ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏလေ့ကျင့်ရေးကွင်း- ၁ နှင့် ၂၊ မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီလေ့ကျင့်ရေးကွင်းများတွင် စတင်ကျင်းပသည်။ အောက်မြန်မာပြည်ဇုန် ပထမနေ့ နံနက်ပိုင်းပွဲစဉ်များတွင် Sporting Hantha အသင်းက အာသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုး၊ Royal Yangon အသင်းက ဖားစည်မြေအသင်းကို ငါးဂိုး-တစ်ဂိုး၊ ညနေပိုင်းကျင်းပသည့် ပွဲစဉ်များတွင် Red Hawks Yangon အသင်းက ရန်ကုန်တောင်ဇလပ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရာမညအသင်းက ပဲခူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အထက်မြန်မာပြည်ဇုန် ပထမနေ့တွင် ချင်းတွင်းစတားအသင်းက ကချင်စတားအသင်းကို ငါးဂိုး-တစ်ဂိုး၊ Soccer Care အသင်းက ရှမ်းမြောက်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အောက်မြန်မာပြည်ဇုန်တွင် အသင်း ၁၂ သင်း၊ အထက်မြန်မာပြည်ဇုန်တွင် အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး နှစ်ကျော့စနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ အထက်မြန်မာပြည်ဇုန်တွင် ချင်းတွင်းစတားအသင်း၊ ကချင်စတားအသင်း၊ မန္တလာအသင်း၊ ဖန်ခါး မြေမကွေးအသင်း၊ စစ်ကိုင်းယူနိုက်တက် အသင်း၊ ရှမ်း (မြောက်) အသင်း၊ ရှမ်း (တောင်) အသင်း၊ ရှမ်း (အရှေ့)အသင်းနှင့် Soccer Care အသင်း၊ အောက်မြန်မာပြည်ဇုန်တွင် အာသာဝတီအသင်း၊ ပဲခူးအသင်း၊ ဖားစည်မြေအသင်း၊ ရခိုင်ယူနိုက်တက်အသင်း၊ Red Hawks Yangon အသင်း၊ Royal Yangon အသင်း၊ Sporting Hantha အသင်း၊ ရွှေပြည်သာလူငယ်အသင်း၊ Yangon Focus အသင်း၊ ရန်ကုန်တောင်ဇလပ်အသင်း၊ ရာမညအသင်း၊ Young Boys အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ကျင်းပမည်ဖြစ်ပြီး ဇွန်လမှ ဒီဇင်ဘာလအထိ ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် ပုံစံအရ ဇုန်တစ်ခုစီမှ ထိပ်ဆုံးရပ်တည်မှုရ နှစ်သင်းမှာ Play-off ဗိုလ်လုပွဲ ကစားခွင့်ရမည်ဖြစ်သည်။ Play-off ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာရေး၊ FIFA, AFC, AFF လူငယ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများ အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ လမ်းညွှန်ချက်များအတိုင်း ကျင်းပနေခြင်းဖြစ်သည်။ **ကိုညီလေး**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအများစုသည် ကျေးလက်ဒေသများ၌ တည်ရှိနေသဖြင့် စိုက်ပျိုးရေးမွေးမြူရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ကြရမည်

**နေပြည်တော် ဇွန် ၂၄**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် စစ်တွေမြို့ ကစ္ဆပရပ်ကွက်ရှိ ရန်ပြေမာန်ပြေ ဘုရားပတ်ဝန်းကျင်နှင့် ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အနောက်ပိုင်း ရေတပ်ကွပ်ကဲမှု ဌာနချုပ်အတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအား စတုဒိသာကျွေးမွေးရန် ပြင်ဆင်ချက်ပြုတ်နေမှုများကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချောင်းနွယ်မင်းဂံကျေးရွာ၊ ချောင်းနွယ်မင်းဂံကျောင်းတိုက်အတွင်း စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေးရာ **(အပေါ်ယာပုံ)** ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဆေးကုသမှု ခံယူလျက်ရှိသည့် ပြည်သူလူထုအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းနွယ်မင်းဂံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိဓဇအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစုအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအများစုသည် ကျေးလက်ဒေသများ၌ တည်ရှိနေသဖြင့် စိုက်ပျိုးရေး မွေးမြူရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရည်ရွယ်ချက် တူညီသူများဖြင့်သမဝါယမအသင်းများဖွဲ့စည်းပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိရိုးဖလာ စပါးမျိုး စိုက်ပျိုးခြင်းထက် ဒေသနှင့်ကိုက်ညီပြီး အထွက်တိုးစေမည့် မျိုးစပါးများကိုသာ စိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်းအစုအဖွဲ့ဖြင့်ခြံလှောင်မွေးမြူသည့်စနစ်ကို ဆောင်ရွက်ကြစေလိုကြောင်း၊ နို့စားနွား၊ ခိုင်းနွားနှင့် ဒေသန္တရ နွားများ မွေးမြူခြင်းအတွက် နေပီယာမြက်ကို စီးပွားဖြစ် စိုက်ပျိုးကြစေလိုကြောင်း။

နည်းပညာအကူအညီ လိုအပ်သည်များကို ထောက်ပံ့ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အသားတိုး ကြက်များမွေးမြူရေး ဆောင်ရွက်သွားကြမည်ဆိုပါက လိုအပ်သည်များကို ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ "မ" တည် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် လုပ်ငန်းများ အောင်မြင်နေမှုကို တွေ့မြင်နိုင်ကြောင်း၊ ကျေးလက်နေပြည်သူများ လူမှုစီးပွား ဘဝများမြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် စပ်လျဉ်းသည့် လိုအပ်သော အကူအညီအထောက်အပံ့များနှင့် ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် တာဝန်ရှိသူများက နွားမွေးမြူရေး ဆောင်ရွက်ထားရှိမှုနှင့် မြစိမ်းရောင် စီမံကိန်းနှင့်စပ်လျဉ်းသည့် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့မှ သမဝါယမအသင်းကိုယ်စားလှယ်များ၊ မြစိမ်းရောင် စီမံကိန်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မွေးမြူရေး အစုအဖွဲ့နှင့် ရေလုပ်ငန်းအစုအဖွဲ့တို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးတို့က ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး မွေးမြူရေးနှင့် စပ်လျဉ်း၍တွေ့ကြုံရသည့် အခက်အခဲများကို မိမိဌာနတာဝန်ရှိသူများနှင့် ဆက်သွယ်တွေ့ဆုံညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အလျင်အမြန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားကာ ရှင်းလင်းဆွေးနွေး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မပျက် သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စစ်တွေမြို့ကို သန့်ရှင်းသာယာလှပသည့်မြို့ဖြစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သတ်သတ်မှတ်မှတ် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





---

## ဖျာပုံမြို့နယ်၌ ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရနေ့ သတ်မှတ်

**ဖျာပုံ ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများအနေဖြင့် ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်များ သုံးစွဲမှုလျော့နည်းစေရန်အတွက် အပတ်စဉ် သောကြာနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရနေ့အဖြစ် သတ်မှတ်ထားရာ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဇွန် ၂၄ ရက်က လိုက်လံစစ်ဆေးသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့နှင့် သောကြာနေ့တို့တွင် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား ငှက်ပျောရွက်၊ ကြာရွက်၊ သတင်းစာစက္ကူ စသည့်သင့်တော်ရာများဖြင့် အစားထိုးထုပ်ပိုးသုံးစွဲရောင်းချခြင်း ရှိ မရှိ လိုက်လံစစ်ဆေးခဲ့ပြီး အသိပညာပေးခြင်းလုပ်ငန်းများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးအန္တရာယ် စုပေါင်းကာကွယ်ကြပါစို့

**အောင်ရှင်း**

**မူးယစ်ဆေးဝါးသုံးစွဲမှုက သုံးစွဲတဲ့ လူတစ်ဦးတစ်ယောက်ချင်းစီကို ထိခိုက်စေရုံသာမက ဆေးစွဲနေသူရဲ့ မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ တိုင်းပြည်ရဲ့ အရင်းအမြစ်များနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်ပါတယ်။ သုံးစွဲသူအနေနဲ့လည်း HIV/AIDS ရောဂါ ကူးစက်ခံရခြင်းအပါအဝင် အခြားသော ရောဂါပေါင်းစုံဝင်ရောက်နိုင်ပြီး လူမှုရေးကိုထိခိုက်စေတဲ့ ဆိုးကျိုးများကို ချက်ချင်းလက်ငင်း ကြုံတွေ့ခံစားရမှာဖြစ်ပြီး မိသားစုရှိတဲ့သူဖြစ်မယ်ဆိုရင် ၎င်းရဲ့ သားသမီးများမှာလည်း မိသားစုနဲ့ပတ်ဝန်းကျင်ရဲ့ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း လျစ်လျူရှုခြင်းခံရမှုတွေကြောင့် သနားဖွယ်ရာ စိတ်ဒဏ်ရာများနဲ့ ကြီးပြင်းလာကြရပါတယ်။**

ဒီလိုမျိုး တစ်ဦးချင်းနဲ့ မိသားစုဆိုင်ရာ ဆိုးကျိုးတွေက ဒီနေရာမှာ ရပ်တန့်မနေဘဲ ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ သက်ရောက်လာပါတော့တယ်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အထူးသဖြင့် မက်သာဖက်တမင်း ထုတ်လုပ်တဲ့နေရာများရဲ့ ပတ်ဝန်းကျင်မှာ ဓာတုအဆိပ်သင့်မှုကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ကြီးကြီးမားမား သက်ရောက်မှုရှိနိုင်ပါတယ်။ ဆေးစွဲသူတွေနဲ့ မိသားစုတွေကို စောင့်ရှောက်ကုသရတဲ့ အရင်းအမြစ်များကလည်း သက်ဆိုင်ရာ တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာပြီး တိုင်းပြည်ကိုပါ ထိခိုက်လာပါတော့တယ်။ မူးယစ်ဆေးဝါးကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစတဲ့ ဘက်ပေါင်းစုံက ဆုတ်ယုတ်မှုတွေဖြစ်ပေါ်လာပြီး အဆုံးသတ်မှာ လူရာမဝင်၊ လူစဉ်မမီတဲ့ မျိုးဆက်များ၊ လူသားအဖွဲ့အစည်းများဖြစ်လာကာ တစ်နိုင်ငံလုံး၊ ကမ္ဘာကြီးတစ်ခုလုံးပျက်စီးရတဲ့ အခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံအားလုံးက မူးယစ်ဆေးဝါးကို အားလုံးရဲ့ဘုံရန်သူအဖြစ် သတ်မှတ်ပြီး တိုက်ဖျက်တားဆီးနေကြခြင်းဖြစ်ပါတယ်။ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day against Drug Abuse and Illicit Trafficking) အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိရာမှ ယခု ၂၀၂၃ ခုနှစ်မှာဆိုရင် ၃၆ ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

### နစကအစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး

ကမ္ဘာ့နိုင်ငံများနည်းတူ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေနဲ့လည်း တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပြည်သူများလက်တွဲပြီး ကိုလိုနီခေတ်မှ စတင်အမြစ်တွယ်ခဲ့တဲ့ မူးယစ်ဆေးဝါးကို ခေတ်အဆက်ဆက် တားဆီးတိုက်ဖျက်ခဲ့ကြပါတယ်။ ယခုအခါမှာ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ နည်းစနစ်များနဲ့ ဓာတုပစ္စည်းများလည်း ပေါများလာပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများကို လွယ်လွယ်ကူကူ ထုတ်လုပ်ဖြန့်ဖြူးလာကြတဲ့အတွက် မူးယစ်ဆေးဝါးနှိမ်နင်းရေးများကိုလည်း အစိုးရအဆက်ဆက်က အရှိန်အဟုန်မြှင့် ဆောင်ရွက်လာကြပါတယ်။



ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါးများကို မန္တလေးမြို့၌ ယမန်နှစ် ဇွန် ၂၆ ရက်က မီးရှို့ဖျက်ဆီးစဉ်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ရက်စွဲနဲ့ ထပ်မံပြင်ဆင်ပြီး အမိန့်ကြော်ငြာစာအမှတ် ၂၅/ ၂၀၂၂ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဗဟိုအဖွဲ့က လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်အောင်မြင်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိမှုစာရင်းတွေကို နှစ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။

စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို သိရှိတွေ့မြင်ပြီး ရှောင်ကြဉ်ကြစေရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်၊ သဘင်၊ တေးဂီတစတဲ့ လူထုဆက်သွယ်ရေးနည်းလမ်းများနဲ့ ထိရောက်စွာ ပညာပေးနိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံက မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းသုံးခုမှာ ပါဝင်လက်မှတ်ရေးထိုးထားပြီး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသအပြင်ဘက်နိုင်ငံများနဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲ့အဖွဲ့ (AFP)၊ အမေရိကန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နဲ့လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

### အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို အာဆီယံဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုများမှာ တက်ကြွစွာဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစည်းအဝေးများဖြစ်တဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (ASOD)၊ အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး (AAITF)၊ အာဆီယံ ပင်လယ်ဆိပ်ကမ်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့ အစည်းအဝေး (ASITF)၊ အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုကွန်ရက်အစည်းအဝေး (ADMN) များကို ပါဝင်တက်ရောက်ပြီး ဘက်ပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့က ချမှတ်ထားတဲ့

*စာမျက်နှာ ၉ သို့*

**၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု**

| စဉ် | အမျိုးအမည် | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | | ၂၀၂၃ ခုနှစ်၊ မေလအထိ | | ရေတွက်ပုံ |
|---|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး (ကျပ်သန်း) | အရေအတွက် | တန်ဖိုး (ကျပ်သန်း) | အရေအတွက် | တန်ဖိုး (ကျပ်သန်း) | |
| ၁ | ဘိန်း | ၂၆၃၂.၀၀၉၇၅ | ၂၆၃၂.၀၀၉၇၅ | ၁၂၀၉.၇၇၀၇၄ | ၁၂၀၉.၇၇၀၇၄ | ၂၀၉.၃၀၀၇ | ၂၀၉.၃၀၀၇ | ကီလို |
| ၂ | ဘိန်းဖြူ | ၂၅၂၆.၁၀၉၁၁၄ | ၇၅၇၈၃.၂၇၃၄၂ | ၁၃၄၅.၄၉၈၁၄၈ | ၄၀၃၆၄.၈၄၄၄၄ | ၉၂၁.၇၉၀၉၇ | ၂၇၆၅၃.၇၂၉၁ | ကီလို |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၁၉၈၁၈၈၇၁၅.၅ | ၃၉၆၃၇၇.၄၃၁ | ၁၆၉၀၇၀၉၀၉ | ၃၃၈၁၄၁.၈၁၈ | ၉၂၀၈၁၂၁၁ | ၁၈၄၁၆၂.၄၂၂ | ပြား |
| ၄ | အိုက်စ် | ၁၃၈၁၅.၇၇၅၄၂ | ၂၇၆၃၁၅.၅၀၈၄ | ၂၃၄၀၁.၉၁၉၈ | ၄၆၈၀၃၈.၃၉၆ | ၇၂၁၅.၂၇၁၉၉ | ၁၄၄၃၀၅.၄၃၉၈ | ကီလို |
| ၅ | ဆေးခြောက် | ၅၀၃.၇၁၅၉၆၁ | ၁၅၁.၁၁၄၇၈၈၉ | ၉၂၉.၄၃၀၀၂၅ | ၂၇၈.၈၂၉၀၀၇၅ | ၃၄၈.၁၀၀၄၃ | ၁၀၄.၄၃၀၁၂၉ | ကီလို |
| ၆ | ဘိန်းစာရွက် | ၃၀၈၈.၂၁၃၁၇ | ၃၀၈.၈၂၁၃၁၇ | ၁၆၀၈.၇၀၇၆၇ | ၁၆၀.၈၇၀၇၆၇ | ၄၆၀.၇၁၁၆၅ | ၄၆.၀၇၁၁၆၅ | ကီလို |
| ၇ | ဘိန်းစာမှုန့် | ၁၀၅၈.၄၈၀၅၅၁ | ၁၅၈.၇၇၂၀၈၂၇ | ၇၆၆.၄၇၇၀၁ | ၁၁၄.၉၇၁၅၅၁၅ | ၁၁၆.၅၄၄၉၅ | ၁၇.၄၈၀၇၅ | ကီလို |
| စုစုပေါင်း (ကျပ်သန်း) | | ၈၇၀,၂၈၈.၉၇ အမေရိကန်ဒေါ်လာ (၄၆၂.၀၄)သန်း | | ၁,၁၂၀,၃၆၀.၃၁ အမေရိကန်ဒေါ်လာ (၅၃၃.၅၀) သန်း | | ၃၇၇,၀၀၈.၉၅ အမေရိကန်ဒေါ်လာ (၁၇၉.၅၃)သန်း | | |

**ရွှေတြိဂံဒေသအဖြစ် သတ်မှတ်ထားတဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ဘက်၊ ထိုင်းနိုင်ငံမြောက်ဘက်၊ လာအိုနိုင်ငံမြောက်ဘက်နဲ့ တရုတ်နိုင်ငံ အနောက်တောင်ဘက်ဒေသများဟာ ကမ္ဘာပေါ်မှာ ဘိန်းနဲ့ဘိန်းဖြူ အများဆုံးထုတ်လုပ်တဲ့ဒေသအဖြစ် ကျန်ရှိနေသေးတဲ့အတွက် အဲဒီဒေသအတွင်းမှာရှိတဲ့ နိုင်ငံများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် မဲခေါင်သဘောတူညီချက်ကို မြန်မာ၊ ထိုင်း၊ လာအိုနဲ့ တရုတ်နိုင်ငံတို့က ၁၉၉၃ ခုနှစ်မှာ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၁၉၉၅ ခုနှစ်မှာ အဖွဲ့ဝင်သစ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးပြီး မဲခေါင်ဒေသခွဲခြောက်နိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်**

ဒီစာရင်းဇယားများနဲ့ ဖမ်းဆီးရမိမှုဖြစ်စဉ်များကို လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်မှုများက မှတ်တမ်းတင်ထိုက်ပါတယ်။

မူးယစ်ဆေးဝါးကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ဖို့ ပြည်သူလူထုက မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးကို နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့က အရေးကြီးကိစ္စတစ်ခုဖြစ်တဲ့အတွက် လူငယ်မျိုးဆက်သစ်တို့ မူးယစ်ဆေးဝါးရဲ့အန္တရာယ်ကို သိရှိနိုင်စေဖို့ အသိပညာပေးလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ လူငယ်များနဲ့ ပြည်သူလူထုအတွင်းမှာ မူးယစ်ဆေးဝါးနှင့်

*စာမျက်နှာ ၈ မှ*

ဘေးကင်းလုံခြုံတဲ့ လူမှုအဖွဲ့ဖြစ်စေဖို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) (ASEAN Work Plan- 2016-2025) မှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မဲခေါင် MoU လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု**

ရွှေတြိဂံဒေသအဖြစ် သတ်မှတ်ထားတဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ဘက်၊ ထိုင်းနိုင်ငံမြောက်ဘက်၊ လာအိုနိုင်ငံမြောက်ဘက်နဲ့ တရုတ်နိုင်ငံ အနောက်တောင်ဘက်ဒေသများဟာ ကမ္ဘာပေါ်မှာ ဘိန်းနဲ့ဘိန်းဖြူ အများဆုံးထုတ်လုပ်တဲ့ဒေသအဖြစ် ကျန်ရှိနေသေးတဲ့အတွက် အဲဒီဒေသအတွင်းမှာရှိတဲ့ နိုင်ငံများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် မဲခေါင်သဘောတူညီချက်ကို မြန်မာ၊ ထိုင်း၊ လာအိုနဲ့ တရုတ်နိုင်ငံတို့က ၁၉၉၃ ခုနှစ်မှာ သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၁၉၉၅ ခုနှစ်မှာ အဖွဲ့ဝင်သစ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးပြီး မဲခေါင်ဒေသခွဲခြောက်နိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် ဝန်ကြီးအဆင့်အစည်းအဝေးကို နှစ်နှစ်လျှင် တစ်ကြိမ်၊ အဆင့်မြင့် အရာရှိကြီးများအဆင့်အစည်းအဝေးနဲ့ ဗဟိုတာဝန်ခံများအစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် လက်ခံကျင်းပဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်လျက်ရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်မှု သတင်းများဖလှယ်ပြီး ရွှေတြိဂံဒေသမှတစ်ဆင့် မူးယစ်ဆေးဝါးများ အခြားကမ္ဘာ့နိုင်ငံအသီးသီးကို ပျံ့နှံ့မှုမရှိစေရေး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်က ကျင်းပခဲ့တဲ့ ဘင်းမ်စတက်ဒေသအတွင်း အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ပထမအကြိမ် အစည်းအဝေးမှာ လုပ်ငန်းခွဲအုပ်စုများဖွဲ့စည်းပြီး အဖွဲ့ဝင်နိုင်ငံများက တာဝန်ယူဆောင်ရွက်ဖို့ သတ်မှတ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် ပရီကာဆာဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းခွဲအုပ်စုအစည်းအဝေးကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင်းက ထွက်ရှိတဲ့ စိတ်ကြွဆေးဝါးများဟာ ပြည်ပနိုင်ငံများက ရောက်ရှိလာတဲ့ ပရီကာဆာဓာတုပစ္စည်းများကြောင့် ထွက်ရှိလာခြင်းဖြစ်လို့ မြန်မာနိုင်ငံတွင်းက စိတ်ကြွဆေးဝါး ထုတ်လုပ်မှုပပျောက်ဖို့အတွက် ပြည်ပနိုင်ငံများက ဝင်ရောက်လာမယ့် ပရီကာဆာဓာတုပစ္စည်းများ ဖမ်းဆီးရမိရေး အလွန်အရေးကြီးပါတယ်။ ဒါကြောင့် တရားမဝင်ဓာတုပစ္စည်းများ ရောင်းဝယ်မှုကိုလည်း ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းတားဆီးထိန်းချုပ်နိုင်ရေး အလေးထားလုပ်ဆောင်လျက်ရှိပါတယ်။

**❖ ယနေ့ခေတ်မျက်မှောက်ကာလ မူးယစ်ဆေးဝါးပြဿနာကို ရှုမြင်သုံးသပ်ကြရာမှာ တားဆီးနှိမ်နင်းရေးနဲ့ ထိရောက်တဲ့ တရားစီရင်ရေးကဏ္ဍတစ်ခုတည်းကမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေး၊ အခြေခံလွတ်လပ်ခွင့်နဲ့ လူ့အခွင့်အရေးဆိုင်ရာကဏ္ဍများက ဘက်ပေါင်းစုံချဉ်းကပ်မှုပုံစံနဲ့ ပြဿနာရဲ့ အရင်းအမြစ်တစ်ခုလုံးကို လွှမ်းခြုံပြီး အပြန်အလှန် အမှီသဟဲပြုဆောင်ရွက်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါတယ်**

**MoU/ LoA လက်မှတ်ရေးထိုး ဆောင်ရွက်မှု**

မြန်မာနိုင်ငံက မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအတွက် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနဲ့ နှစ်နိုင်ငံသဘောတူညီချက်များ၊ နားလည်မှုစာချွန်လွှာများ (MoU/ LoA) စုစုပေါင်း ၂၄ ခု လက်မှတ်ရေးထိုးထားရှိပါတယ်။ ဒ့်ါအပြင် အင်ဒိုနီးရှားနိုင်ငံနဲ့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံနဲ့ ရေးထိုးထားတဲ့ နားလည်မှုစာချွန်လွှာ (MoU) ကို ပြင်ဆင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

**နစကရဲ့ သမိုင်းမှတ်တိုင်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူများကိုယ်တိုင်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ထိခိုက်နိုင်ပြီး လူငယ်များရဲ့ စွမ်းအားဆုံးရှုံးခြင်းအပြင် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာကနေ ရရှိတဲ့ ငွေကြေးများဟာ ပြစ်မှုကျူးလွန်သူများနဲ့ သောင်းကျန်းသူအဖွဲ့အစည်းများရဲ့ အင်အားကို ပိုမိုကြီးထွားစေပြီး ဒေသတွင်းနိုင်ငံများရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာစေပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုအပါအဝင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုများဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကြီးစိုးရာနယ်မြေတွေမှာ အဓိကလုပ်ကိုင်နေတာဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှင်သန်ရပ်တည်မှုအတွက် ဝင်ငွေရလမ်းတစ်ခုအဖြစ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါဝင်ပတ်သက်နေတာမြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများအတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဟာ အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

ယနေ့ခေတ်မျက်မှောက်ကာလ မူးယစ်ဆေးဝါးပြဿနာကို ရှုမြင်သုံးသပ်ကြရာမှာ တားဆီးနှိမ်နင်းရေးနဲ့ ထိရောက်တဲ့ တရားစီရင်ရေးကဏ္ဍတစ်ခုတည်းကမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေး၊ အခြေခံလွတ်လပ်ခွင့်နဲ့ လူ့အခွင့်အရေးဆိုင်ရာကဏ္ဍများက ဘက်ပေါင်းစုံချဉ်းကပ်မှုပုံစံနဲ့ ပြဿနာရဲ့အရင်းအမြစ်တစ်ခုလုံးကို လွှမ်းခြုံပြီး အပြန်အလှန် အမှီသဟဲပြုဆောင်ရွက်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ဘိန်းနဲ့ ဘိန်းဖြူအပါအဝင် အခြားစိတ်ကြွရူးသွပ်ဆေးပြားတို့ကို ခေတ်အဆက်ဆက် နိုင်ငံတော်က ပြင်းပြင်းထန်ထန် တားဆီးနှိမ်နင်းခဲ့ကြပြီး တပ်မတော်သားနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစွာ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြရပါတယ်။

နစကအစိုးရလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၊ စိတ်ကြွဆေးဝါး ထုတ်လုပ်ရောင်းချမှု၊ တရားမဝင်ဓာတုဆေးဝါးများ ဖမ်းဆီးနှိမ်နင်းမှု၊ မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်ပြီး လက်နက်ခဲယမ်းမှောင်ခိုမှုများ၊ ငွေကြေးခဝါချမှုများကို အမြစ်ဖြတ်တိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးဝါးရဲ့ သားကောင်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိတာကိုပါ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ **နစကအစိုးရလက်ထက် မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိခဲ့ခြင်းဟာ ပြည်သူလူထုရဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့် ထိရောက်အောင်မြင်ခဲ့ရခြင်း ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ သတင်းပေးမှုများကြောင့် ဘိန်းခင်းများ ဖျက်ဆီးနိုင်မှုနဲ့ မူးယစ်ဆေးဝါးများ အမြောက်အမြား ဖမ်းဆီးရမိမှုများအပြင် လူမှုအသိုင်းအဝိုင်းကြား မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ရောင်းဝယ်သူများကို ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူမှုများက သက်သေပြနေပါတယ်။**

ဒါကြောင့် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများမှာ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်စောင့်အစိုးရနဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများက ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိနေမှာဖြစ်တဲ့အကြောင်း ၂၀၂၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ ကျရောက်မယ့် (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုရေးသားလိုက်ရပါတယ်။ ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက်နေ ခင်မေသက်သည် ၎င်းအသုံးပြုသည့် “Khin May That” TikTok အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ကြို့ပင်ကောက် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်နိုင်ရေးအတွက် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (sinopharm) ပထမအကြိမ်နှင့် စတုတ္ထအကြိမ် (Booster Does) ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့အချိန်အထိ ပထမကြိမ် ဆေးထိုးရမည့် ကျောင်းသားကျောင်းသူ ၁၆၁၇ ဦး၊ second Booster Dose ထိုးနှံသူ ကျောင်းသားကျောင်းသူ ၂၅၀၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၁၁၉ ဦးကို ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ “မြတ်မောင်” စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား




✪ *ကျောဖုံးမှ*

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၂၀ ရက်တွင် တွံတေးမြို့ပြ ပြောက်ကျား အမည်ခံအကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်သည့် **ဆက်ပိုင်မျိုး၊ ဇော်မျိုးခန့်**နှင့် အကြမ်းဖက်အဖွဲ့ဝင်များကို လက်ခံထားရှိသည့် **ကျော်သူဟိန်း၊ ဥက္ကာကျော်၊ မျိုးညွန့်အောင်** တို့အား မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) ရပ်ကွက် ဝေဘာဂီလမ်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

### ဖမ်းဆီးရမိ

အလားတူ ဇွန် ၂၂ ရက်ညနေပိုင်းတွင် ဓားပြတိုက်လုယက်မှုတွင် ပါဝင်ခဲ့သည့် တွံတေးမြို့ပြ ပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံ **ကျော်ဇင်ထိုက် (ခ)ကိုကြီးကျော်၊ ဝီလျံထိုက်(ခ)ဝီလျံ၊ ခိုင်ခန့်ဇော်(ခ)ရှမ်းလေး**နှင့် အကြမ်းဖက်အဖွဲ့ဝင်များအား လက်ခံထားရှိသည့် **လှသိန်း(ခ)မူဆယ်** တို့ကို Sig Sauer ပစ္စတို တစ်လက်၊ Kuzey ပစ္စတို တစ်လက်၊ ပစ္စတိုကျည်အိမ် လေးခု၊ ၉ မမကျည် ၄၇ တောင့်တို့နှင့်အတူ ဖျာပုံမြို့နယ် အပြောင်ကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် တွံတေးမြို့ပြ ပြောက်ကျား အမည်ခံအကြမ်းဖက်အဖွဲ့မှ ဒုတိယခေါင်းဆောင် **ဆံရှည်(ခ)ကိုထက် (ခ)ထက်နိုင်ဦး**နှင့် ၎င်းအား လက်ခံထားရှိပြီး လက်နက်/ ခဲယမ်းများကို သို၀ှက်သိမ်းဆည်းပေးထားသည့် **လှမျိုးဇော်(ခ)ချစ်ထူး၊ မြင့်လွင်၊ သောရေမူး(ခ) ဖိုးသောကြာ၊ လဲပွဲမူး ၊ လယ်မူးနှင့် ငြိမ်းချမ်း(ခ) ပသီ** တို့အား Sig Sauer ပစ္စတို တစ်လက်၊ Pietro Beretta ပစ္စတို တစ်လက်၊ Beretta ပစ္စတို တစ်လက်၊ ပစ္စတိုကျည်အိမ် သုံးခု၊ ၉ မမကျည် အတောင့် ၃၀၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ရိုးပစ်ဗုံး နှစ်လုံးတို့နှင့်အတူ တွံတေးမြို့နယ် ရေကျော်စုကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

### ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ညနေပိုင်းတွင် တွံတေးမြို့ပြ ပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **လေးမောင်မောင်(ခ) ရွှေကွန်း** အား တွံတေးမြို့နယ် ရေကျော်စု ကျေးရွာရှိ ၎င်း၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၂၆ ဦး၊ မ နှစ်ဦး၊ ပေါင်း ၂၈ ဦးတို့ကို လက်နက်ငယ်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လက်ပစ်ဗုံးမျိုးစုံ ငါးလုံး၊ ကျည်မျိုးစုံ ၆၂၇ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများအား ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

### သတင်းထုတ်ပြန်ခဲ့

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ တွံတေးမြို့ပြ ပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်မှာ KNLA တပ်မဟာ(၆) လှူပ်ရှားနယ်မြေအတွင်း ခိုအောင်းလျက်ရှိသည့် တရားခံပြေး **ချမ်းမြေ့အောင်** ဖြစ်ပြီး ၎င်း၏ ခိုင်းစေမှုဖြင့် တွံတေးမြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်၊ ဓားပြတိုက်မှု သုံးကြိမ် ကျူးလွန်ခဲ့ကြောင်း ဇွန် ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### ဖော်ထုတ်သိရှိ

ထပ်မံ ဖမ်းဆီးရမိခဲ့သည့် တရားခံ **ဆံရှည်(ခ) ကိုထက် (ခ) ထက်နိုင်ဦး**၏ ထွက်ဆိုချက်အရ လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်၊ အကြမ်းဖက်ဖောက်ခွဲမှု တစ်ကြိမ် ထပ်မံကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

➢ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများ ဖြစ်သည့် **ကျော်ကျော်နှင့် အောင်ကြီး (ခ)အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာ၌ အပြစ်မဲ့ပြည်သူ ဦးမြင့်သန်းအား ဒလန်ဟု စွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံ သတ်ဖြတ်ရာတွင် **ဖြိုးကိုကို**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

➢ ဇန်နဝါရီ ၂၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကျော်ကျော်နှင့် အောင်ကြီး(ခ) အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ဇီးဖြူကုန်း ကျေးရွာ တွံတေး - မအူပင်သွားကားလမ်းပေါ်၌ အပြစ်မဲ့ပြည်သူ ဦးသန့်စင်အောင်အား ဒလန်ဟု စွပ်စွဲ၍ ပစ္စတို သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ဖြိုးကိုကို**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

➢ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကျော်ကျော်နှင့် အောင်ကြီး(ခ) အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ်

*စာမျက်နှာ ၁၁ သို့*



ဖျာပုံမြို့နယ် အပြောင်ကျေးရွာတွင် တွံတေးမြို့ပြပြောက်ကျား အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ။



တွံတေးမြို့နယ် ရေကျော်စုကျေးရွာတွင် တရားခံ နှစ်ဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

*စာမျက်နှာ ၁၀ မှ*

မြဂိုးကျေးရွာရှိ ကြည်နူးရိပ် စားသောက်ဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးစိုးညီညီ (ခ)ဂိုးအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ဖြိုးကိုကို**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

- ဖေဖော်ဝါရီ ၁၈ ရက်တွင် **ဖြိုးကိုကိုနှင့် ကောင်းမြတ်(ခ)Blank** တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျွန်းတောရပ်ကွက် မိုးညှင်းလမ်းရှိ မိုးညှင်းဘုန်းကြီးကျောင်းအနီး၌ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး (ခ) ဂျင်မီအား ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**မှ အခြေအနေ ကြည့်ရှုပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း။
- မတ် ၂၆ ရက်တွင် ဖမ်းဆီးရန် ကျန်တရားခံ **ကျော်ကျော်**မှ တွံတေးမြို့နယ် လာကပုံ ကျေးရွာနှင့် ရေကျော်စုကျေးရွာကြား၌ အပြစ်မဲ့ပြည်သူ ဦးနိုင်လွင်အား ဒလန်ဟု စွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **လေးမောင်မောင်(ခ)ရွှေကွန်း**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဧပြီ ၂၇ ရက်တွင် **ဆက်ပိုင်မျိုး**နှင့် ဖမ်းဆီးရန် ကျန်တရားခံ **အောင်ကြီး (ခ) အောင်မင်းဦး** တို့ နှစ်ဦးမှ တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ရိပ်သာဘုန်းကြီးကျောင်းရှေ့၌ အပြစ်မဲ့ပြည်သူ ဦးလှမိုးအား ဒလန်ဟု စွပ်စွဲ၍ ပစ္စတို သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **လေးမောင်မောင်(ခ)ရွှေကွန်း**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဧပြီ ၃၀ ရက်တွင် **ဆက်ပိုင်မျိုး** နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အောင်ကြီး (ခ) အောင်မင်းဦး** တို့ နှစ်ဦးမှ တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မြဂိုးကျေးရွာသွား ကားလမ်းပေါ်၌ အပြစ်မဲ့ပြည်သူ စောအယ်လ်မှူးကြီး အား ဒလန်ဟု စွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ဖြိုးကိုကို**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- မေ ၃ ရက်တွင် ဖမ်းဆီးရန် ကျန်တရားခံ **ကျော်ကျော်**နှင့် **အောင်ကြီး (ခ) အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အပြစ်မဲ့ပြည်သူ ဦးမြဦးအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **လေးမောင်မောင်(ခ)ရွှေကွန်း**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဇူလိုင် ၂၄ ရက်တွင် **ကျော်ကျော်**နှင့် **အောင်ကြီး(ခ)အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက် မရမ်းကုန်း (၃)လမ်း၌ အပြစ်မဲ့ ပြည်သူ ဒေါ်မိမိကျော်အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံ သတ်ဖြတ်ရာတွင် **ကိုကိုအောင်**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- အောက်တိုဘာ ၂၆ ရက်တွင် **ဖြိုးကိုကို၊ ကောင်းမြတ်(ခ)Blank** တို့ နှစ်ဦးသည် တွံတေးမြို့နယ် အိုးဘို အရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ အပြစ်မဲ့ပြည်သူ ဦးအုန်းမြင့်အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် မတ် ၁၈ ရက်တွင် **ဖြိုးကိုကို**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အောင်ကြီး(ခ) အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျုံလမုကျေးရွာရှိ Mytel ဆက်သွယ်ရေး တာဝါတိုင်အား လက်လုပ်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲခဲ့ရာတွင် **ကိုကိုအောင်**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။



၁၈.၃.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် ကျုံလမုကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင်တွင် လက်လုပ်မိုင်းတွေ့ရှိသည့် မှတ်တမ်းဓာတ်ပုံ။

**အကြမ်းဖက်လုပ်ဆောင်မှု ၂၄ ကြိမ်တို့ကို ကျူးလွန်**

တွံတေးမြို့ပြ ပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း လုပ်ကြံသတ်ဖြတ်မှု အကြိမ် ၂၀၊ ခေးပြတိုက်လုယက်မှု သုံးကြိမ်နှင့် အကြမ်းဖက်ဖောက်ခွဲမှု တစ်ကြိမ် စုစုပေါင်း အကြမ်းဖက်လုပ်ဆောင်မှု ၂၄ ကြိမ်တို့ကို ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်**

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ၎င်းတို့နှင့် ထိုက်တန်သည့် ပြစ်ဒဏ်များကို ဥပဒေအတိုင်း ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**



၁၉.၁.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာ၌ အကြမ်းဖက်သူများ၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးမြင့်သန်း(၆၇)နှစ်။



၂၂.၁.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာ တွံတေး–မအူပင် ကားလမ်းပေါ်၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ သန့်ဇင်အောင်(၃၅)နှစ်။



၁၅.၂.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် မြဂိုးကျေးရွာ ကြည်နူးရိပ် စားသောက်ဆိုင်၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးစိုးညီညီ(ခ)ဂိုး(၄၀)နှစ်။



၁၈.၂.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် ကျွန်းတောရပ်ကွက် မိုးညှင်းလမ်းရှိ မိုးညှင်းဘုန်းကြီးကျောင်းအနီး၌ ရဝဗမှူးအား အကြမ်းဖက်သူများမှ သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် ရဝဗမှူး ကျော်ကျော်ဦး(ခ)ဂျင်မီ(၄၉)နှစ် (ထိခိုက်မှုမရှိ)။



၂၆.၃.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် လာကပုံကျေးရွာနှင့် ရေကျော်စုကျေးရွာကြား၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးနိုင်လွင်(၅၃)နှစ်။



၂၇.၄.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ရိပ်သာဘုန်းကြီးကျောင်းရှေ့၌ အကြမ်းဖက်သူများမှ သတ်ဖြတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးလှမိုး(၅၃)နှစ် (စိုးရိမ်ရ)ဒဏ်ရာ။



၃၀.၄.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မြဂိုးကျေးရွာသွား ကားလမ်း၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးစောအယ်မှူးကြီး (၅၃)နှစ်။



၃.၅.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးမြဦး (၆၂)နှစ်။



၂၄.၇.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက် မရမ်းကုန်း(၃)လမ်း၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဒေါ်မိမိကျော် (၅၁)နှစ်။



၂၆.၁၀.၂၀၂၂ ရက်တွင် တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးအုန်းမြင့် (၆၅)နှစ်။

## တနင်္သာရီမြို့ အမက-တပ်ဦးကျောင်းတွင် အသိပညာပေးဟောပြော

**တနင်္သာရီ ဇွန် ၂၄**

တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ချောင်းငယ်ရပ်ကွက် အမက – တပ်ဦးကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူအောင်နှင့် ဆရာ ဆရာမများ၊ Grade– 3 မှ Grade–5 အထိ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ကင်းစင်ကျောင်းတစ်ခွင်ခေါင်းစဉ်၊ မြို့ရွာ/ရပ်ကွက်သန့်ရှင်းသာယာလှပစေရေးအတွက် စနစ်တကျအမှိုက်စွန့်ပစ်ခြင်းနှင့် ပလတ်စတစ်လျှော့ချသုံးစွဲရေးဆိုင်ရာ အကြောင်းအရာများကို တာဝန်ရှိသူများက ပညာပေးဟောပြောကြသည်။ ဆွေးနွေးမှုများနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူအား ပြန်လည်ဆန်းစစ်ပြီး ဦးစီးအရာရှိ ဦးထိန်ဝင်းနှင့်အမှုဆောင်အရာရှိဒေါ်ချိုချိုခန့်တို့က ဆုငွေများ ချီးမြှင့်ပေးသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသပေးထားသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်ဆက်)**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ကုံကော်ပျိုးပင် ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော်  ဇွန် ၂၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကုံကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက စိန်တစ်လုံး သရက်ပျိုးပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများ၊ ဓာတ်အားခွဲရုံများနှင့် ဝန်ထမ်းအိမ်ရာများရှိ မြေကွက်လပ်များ၌လည်း စိန်တစ်လုံး သရက်ပင် ၁၃၀၀၀ ကျော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရန်ကုန်တိုင်းဒေသကြီးနယ်မြေအခြေစိုက် မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)၊ ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) နှင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီတို့အား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး

**ရန်ကုန်  ဇွန် ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သော နိုင်ငံရေးပါတီများ၏ ပါတီလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ဦးအောင်မိုးမြင့်၊ ဦးကိုကိုလွင်နှင့် ဦးသန်းအောင်ကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လွှတ်တော်အဆောက်အအုံရှိ ပယင်းခန်းမ၌ မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ (MPD)၊ ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) နှင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီတို့မှ ဥက္ကဋ္ဌ၊ အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**



**ရွေးကောက်ပွဲအောင်မြင်ရေး**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ပါတီဝင်အင်အား ပြည့်မီအောင် စည်းရုံးထားရှိရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပါတီရုံးခန်းများသတ်မှတ်အရေအတွက်အတိုင်း စနစ်တကျ ဖွင့်လှစ်ထားရှိရေး၊ ပါတီဘဏ္ဍာရေးစည်းမျဉ်းများကို ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ထားရှိရေး၊ ပါတီအလံနှင့် ဆိုင်းဘုတ်များ အသုံးပြုခြင်းကို ဥပဒေသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် စည်းရုံးရေးကာလအတွင်း ပြည်သူများ အနှောင့်အယှက်မဖြစ်စေရေး သတိပြုအလေးထား ဆောင်ရွက်သွားကြရန်၊ လာမည့်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးသွားမည်ဖြစ်၍ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရရန် အခွင့်အလမ်း ပိုမိုရရှိလာနိုင်သည်ဖြစ်၍ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများအဖြစ် လေ့ကျင့်ပြင်ဆင်တည်ဆောက်ထားကြရန်၊ ထွက်ပေါ်လာမည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်ချက်များအရ ရွေးကောက်ပွဲကာလအတွင်း အောက်ခြေပါတီဝင်အချို့၏ ဥပဒေနှင့်မညီသော စည်းကမ်း ချိုးဖောက်မှုများကြောင့် သက်ဆိုင်ရာပါတီများအပေါ် အကျိုးသက်ရောက်မှု ကြီးမားလာနိုင်သဖြင့် ပါတီဝင်အဆင့်ဆင့်ကို ဥပဒေစည်းကမ်း လိုက်နာရေး တာဝန်ယူထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှု ရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

**ပါတီလုပ်ငန်းများတင်ပြ**

ထို့နောက် မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ဥက္ကဋ္ဌ ဦးဌေးကျော်၊ ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်း၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးသိန်းကြည်တို့က ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လားရှိုးမြို့တွင် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဆင်းပွဲ ကျင်းပ

**လားရှိုး  ဇွန် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (လားရှိုး)၌ ဇွန် ၂၃ ရက်က စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အမှာစကား ပြောကြားပြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးဇော်ထက်အောင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။



ဆက်လက်၍ သင်တန်းသားများအတွက် အဝတ်အထည်နှင့် အစားအသောက်များကို ဘိန်းအစားထိုး ဖွံ့ဖြိုးမှုစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ကွမ်းလုံဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက်နှင့် ယူနန်ရွှေလီ ရွှေကြယ်ဒရိ ကုန်သွယ်ရေးအဖွဲ့ဆေးကုမ္ပဏီ လီမိတက်တို့မှ ပူးပေါင်း၍ ထောက်ပံ့ကူညီလှူဒါန်းပေးသည်။

သင်တန်းသို့ လားရှိုးမြို့နယ်အတွင်းရှိ လူမှုအကျိုးပြုဆောင်ရွက်နေကြသူ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော်  ဇွန် ၂၄**

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသောဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေ့ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေး ကွင်းအမှတ်(၃)တွင် ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် ဒုတိယပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာန (က)အသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန (က)အသင်းက ၁၀ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

တတိယနေ့ အုပ်စုပွဲယှဉ်ပြိုင်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ဟူနန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၂၇၆၀၀၀ ကျော် ရေဘေးသင့်

ချန်ဆာ ဇွန် ၂၄

**တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၂၇၆၀၀၀ ကျော် ရေဘေးသင့်ခဲ့ပြီး နေအိမ်အများအပြား ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည့်အပြင် ကောက်ပဲသီးနှံ ဟက်တာ ၁၆၄၀၀ ကျော်လည်း ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။**



ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ပြည်နယ်ရေကြီးရေလျှံမှု ထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှုသက်သာရေးဌာနချုပ်က ရေကြီးရေလျှံမှု ထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုကို တတိယအဆင့်သို့ တိုးမြှင့်ခဲ့ကြောင်း၊ ဟူနန်ပြည်နယ်ရှိ အချို့နေရာများတွင် တောင်ကျရေများနှင့် မြေပြိုကျမှုများကို ခံစားခဲ့ကြရကြောင်း သိရသည်။

၎င်းပြည်နယ်သည် ဇွန် ၁၆ ရက်မှ စတင်ကာ အပြင်းထန်ဆုံး မိုးသည်းထန်စွာ ရွာသွန်းမှုကို ကြုံတွေ့နေရကြောင်း သိရသည်။ ဒေသအာဏာပိုင်များသည် လိုအပ်သောအစီအမံများကို လုပ်ဆောင်ကာ ဒေသခံ ၁၈၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။ နောက်ဆုံး မိုးလေဝသ ခန့်မှန်းချက်အရ ဇွန် ၂၄ ရက်မှ ၂၅ ရက်အထိ အဆိုပါ ပြည်နယ်တစ်ဝန်း၌ မိုးသက်မုန်တိုင်း ဆက်လက်ကျရောက်နိုင်ဖွယ်ရှိကြောင်းနှင့် ဇွန် ၂၆ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှု အားပျော့သွားနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**



## တူကီယဲနိုင်ငံသို့ မေလအတွင်း နိုင်ငံခြားခရီးသွား ၄ ဒသမ ၅ သန်း လာရောက်လည်ပတ်

**အစ္စတန်ဘူလ် ဇွန် ၂၄**

တူကီယဲနိုင်ငံသို့ မေလအတွင်း နိုင်ငံခြားခရီးသည် ၄ ဒသမ ၅ သန်းအထိ လာရောက်လည်ပတ်ကြောင်း၊ ယင်းပမာဏမှာ တစ်နှစ်ထက်တစ်နှစ် ခရီးသည်ဝင်ရောက်မှု ၁၆ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

အန်တယ်လ်ရာမြို့ရှိ မြေထဲပင်လယ် အပန်းဖြေနေရာသည် လာရောက်လည်ပတ်သူ ၁ ဒသမ ၅၁ သန်း လက်ခံရရှိသည့် လူကြိုက်အများဆုံးခရီးစဉ်များ စာရင်း၏ ထိပ်ဆုံးတွင်ရှိကြောင်း၊ အစ္စတန်ဘူလ်သို့ လာရောက်လည်ပတ်သူ ၁ ဒသမ ၅ သန်းနှင့် ယင်းနောက်မှ ဂလာမြို့ အယ်ဂျီအန်ပြည်နယ်သို့ နိုင်ငံခြားခရီးသည် ၃၈၀၈၉၉ ဦးနှင့် အနောက်မြောက်ပိုင်း အက်ဒီရာနီပြည်နယ်သို့ ၃၄၉၁၂၃ ဦးစီတို့ လာရောက်လည်ပတ်ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အန်တယ်လ်ရာမြို့သည် ၎င်း၏ လှပသည့် ကမ်းခြေများကြောင့် ကျော်ကြားခြင်းဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း တူကီယဲနိုင်ငံသို့ နိုင်ငံခြားခရီးသည် ၁၄ ဒသမ ၃ သန်း လာရောက် လည်ပတ်ခဲ့ကြောင်း အချက်အလက်များအရ သိရသည်။ ၂၀၂၂ ခုနှစ်အတွင်း တူကီယဲနိုင်ငံသို့ ခရီးသည် ၅၁ ဒသမ ၄ သန်း လာရောက်လည်ပတ်ပြီး ဝင်ငွေ ဒေါ်လာ ၄၆ ဒသမ ၃ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေဇုန်ကုမ္ပဏီက အိန္ဒိယ၌ ကန်ဒေါ်လာ ၁၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**နယူးဒေလီ ဇွန် ၂၄**

အီလက်ထရွန်နစ် စီးပွားရေးကုမ္ပဏီကြီးဖြစ်သည့် အမေဇုန်ကုမ္ပဏီကြီးသည် အိန္ဒိယ၌ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဟု ဇွန် ၂၄ ရက်တွင် ကြေညာသည်။ ထို့ကြောင့် အိန္ဒိယတွင် အမေဇုန်ကုမ္ပဏီ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ၂၆ ဘီလီယံအထိ ရှိလာမည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် အမေဇုန်စီအီးအို အန်ဒီဂျက်စီ တို့ ဝါရှင်တန်မြို့တွင် ဇွန် ၂၃ ရက်က တွေ့ဆုံပြီးနောက် ယခုလိုကြေညာချက်ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဂျက်စီတို့သည် အီလက်ထရွန်နစ် စီးပွားရေးနှင့် အမေဇုန်ကုမ္ပဏီနှင့် နောက်ထပ်ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်ဟု အိန္ဒိယဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ အသေးစား၊ အလတ်စားနှင့် အလယ်အလတ်စီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အိန္ဒိယဝန်ကြီးချုပ်က ကြိုဆိုကြောင်း ဝန်ကြီးချုပ်ရုံး ထုတ်ပြန်ချက်တွင် ပါဝင်သည်။

**ဆင်ဟွာ**




## တိုက်ပွဲဖြစ်ပွားနေသည့် ဆူဒန်မှ လူပေါင်း ၅၂၀၀၀ ကျော် အီသီယိုပီးယားသို့ ဝင်ရောက်

**အဒစ္စအဘာဘာ ဇွန် ၂၄**

တိုက်ပွဲများ ဖြစ်ပွားနေသည့် ဆူဒန်နိုင်ငံမှ အီသီယိုပီးယားနိုင်ငံသို့ ဝင်ရောက်လာသည့် လူပေါင်း ၅၂၀၀၀ ကျော်လွန်လာပြီဟု ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ဇွန် ၂၂ ရက် ညပိုင်းက သတင်းအချက်အလက် ထုတ်ပြန်သည်။

အီသီယိုပီးယားသို့ ဆူဒန်နိုင်ငံမှ လူများဝင်ရောက်လာမှုမှာ နှစ်လ ဆက်တိုက်ရှိပြီဖြစ်သည်။ ယခုအခါ ဆူဒန် -အီသီယိုပီးယား နယ်စပ်ဒေသမှ ဝင်ရောက်လာသူ ဦးရေမှာ ၅၂၀၀၀ ကျော်လွန်သွားပြီဟု သတင်းထုတ်ပြန်ထားသည်။

ဒုက္ခသည်များအတွက် အသက်ကယ်ပစ္စည်းများ ထောက်ပံ့ပေးရန် အီသီယိုပီးယား၌ ငွေကြေးထောက်ပံ့မှုများ လိုအပ်နေသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ ဆူဒန်နိုင်ငံ ခါတွန်မြို့တွင် ဧပြီ ၁၅ ရက်မှ စတင်ကာ ကြောက်မက်ဖွယ် တိုက်ပွဲများဖြစ်ပွားနေပြီး တိုင်းပြည်၏ အခြားသော နေရာဒေသများတွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။

ဆူဒန်တပ်ဖွဲ့နှင့် Rapid Support Forces( RSF) တို့ကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်းဖြစ်ပြီး ပဋိပက္ခစတင်မှုအတွက် တစ်ဖက်နှင့်တစ်ဖက် အပြစ်ဖို့လျက်ရှိသည်။

**ဆင်ဟွာ**



လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုကြောင့် အိမ်နီးချင်းနိုင်ငံများသို့ အိုးအိမ်စွန့်ခွာလာသူများကို တွေ့ရစဉ်။

## အိတ်ချ်အိုင်ဗွီ ကူးစက်မှုအသစ်များ တိုးလာသည့်အပေါ် သတိထားကြရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် တိုက်တွန်း

**ဖနောင်ပင် ဇွန် ၂၄**

ပြီးခဲ့သည့်နှစ်အတွင်း အိတ်ချ်အိုင်ဗွီ ကူးစက်မှုများ သိသိသာသာ များပြားလာသည့်အတွက် ပြည်သူများ သတိထားကြရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချိုဟွန်ဆမ်က ဇွန် ၂၄ ရက်တွင် တောင်းဆိုခဲ့သည်။

၂၀၂၂ ခုနှစ်တွင် အိတ်ချ်အိုင်ဗွီ နောက်ထပ်ကူးစက်ခံရသူ ၁၄၀၀ ရှိပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၃၀၀ ခန့် များပြားလာခြင်းဖြစ်ကြောင်း ဖနောင်ပင်မြို့ စက်ရုံလုပ်သားများနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ်က ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ အမျိုးသားအေအိုင်ဒီအက်စ်အာဏာပိုင်အဖွဲ့၏ အစီရင်ခံစာအရ နေ့စဉ် လူလေးဦး ရောဂါကူးစက်ခံနေရပြီး လိင်ဖျော်ဖြေရေးလုပ်ငန်းမှ အမျိုးသမီးများ၊ အမျိုးသားချင်းဆက်ဆံသူများနှင့် လိင်ပြောင်းအမျိုးသမီးများ စုစုပေါင်း ၈၃ ရာခိုင်နှုန်းမှာ ရောဂါကူးစက်ခံနေရသည်ဟု ဖော်ပြထားသည်။

လက်ရှိတွင်လည်း အိတ်ချ်အိုင်ဗွီ ကူးစက်ခံထားရသူ ၇၆၀၀၀ ရှိကာ ကူးစက်ခံရသူ ၈၆ ရာခိုင်နှုန်းမှာ ရောဂါကူးစက်ခံထားရသည်ကို သိရှိပြီး ၁၁၀၀၀ မှာမူ ရောဂါကူးစက်ခံထားရမှုကိုမသိဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ် ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူ မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အစိုးရရပ်ကွက်ရှိ မင်းပြင်ဝန်ထမ်းအိမ်ရာနှင့် ခရိုင် ဆေးရုံဝန်ထမ်းနေအိမ်လိုင်းခန်း ခြံဝင်းတို့အား သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကို သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူ များနှင့်အတူ ငါးကျဉ်တောက်- ဘူးသီးတောင်သွား လမ်းမကြီး ၀/ ယာ၊ အနောက်ရပ်ကွက် မြို့ဝင်ပန်းခြံ နှင့် မေယုလမ်း ဝဲ/ ယာတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တောင်ရပ်ကွက်ရှိ ဝေနေယျသုခ ပရဟိတ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် Gas မီးဖိုများ လှူဒါန်းပြီး အဆိုပါကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်း သား ကျောင်းသူများအား ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထို့အတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ရောက်ရှိ နေသော ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေတခါးပေါ်တော်မူမဟာကျန် ဘုရားကြီး ကျောက်ရာဇ်ကေကျောင်းတိုက်၌ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး သည်။



အလားတူ သံတွဲမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ် စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများက မြို့နယ်များ သာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှုနှင့် သံတွဲသီတဂူ မျက်စိဆေးရုံခြံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

ထို့အတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ နှစ်ရှည် လေကာပင်များ စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာဝန်ထမ်း များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှု အားပေးသည်။

အလားတူ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောင်မင်္ဂလာကန် ဘေး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ဝဲပုံ)**

ထို့အတူ ရခိုင်ပြည်နယ် မောင်တောမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ၂၀၂၃ - ၂၀၂၄ ခုနှစ် မျိုးစေ့ထုတ်လုပ် မည့် တောင်သူများထံသို့ မျိုးကောင်းမျိုးသန့်စေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး ကိုင်းကြီး ကျေးရွာရှိ တောင်သူ ၁၈ ဦး၏ လယ်မြေဧက ၆၀ ကို စက်မှုလယ်ယာဦးစီးဌာနက လယ်မြေများအား ထွန်စက် လေးစီးဖြင့် ထွန်ယက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၄**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချ ပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက် ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ် သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသား ဘူး၊ မျှစ် စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက် သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင်သက်သာသောဈေးနှုန်း များဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူး တင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၄**

သဘာဝဘေးအန္တရာယ်ကျရောက် ခဲ့ရသည့် ဒေသများတွင် လိုအပ် သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း များ ကူညီဆောင်ရွက်ပေးနိုင်ရေး အတွက် တပ်မတော်မှ ကြိုတင် စုဖွဲ့စေလွှတ်ထားသည့် ကူညီ ကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများ တွင် အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် ကျောက်တော်မြို့ ၌ ရောက်ရှိနေသည့် ကူညီ ကယ်ဆယ်ရေး အဖွဲ့များသည် အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း၌ အရိပ်ရနှစ်ရှည်ပင် များ စိုက်ပျိုးပေးသည်။ ၎င်းအဖွဲ့ လုပ်ဆောင်ချက်များအား ဗိုလ်မှူး ချုပ် အောင်သူဦး သစ်ပင်စိုက်၊ ကြည့်ရှုသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ် ရေးအဖွဲ့များသည် ဌာနဆိုင်ရာ များနှင့်အတူ ပုဏ္ဏားကျွန်းမြို့ရှိ အောင်မင်္ဂလာကန်ဘေး၌ အမှိုက် များ ရှင်းလင်းခြင်းနှင့် လဲကျနေ သော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်း များ ဆောင်ရွက်ပေးသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိ နေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့ များသည် ရေချမ်းပြင်ကျေးရွာရှိ လမ်းဘေး ဝဲ/ ယာ၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ် ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေး ကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ပြင်ရှည်ကျေးရွာ၌ ဒေသခံပြည်သူ များအား ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ရာတွင် လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ် ရေးအဖွဲ့များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်း များအား ခုတ်ထွင်ရှင်းလင်းခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့် ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ရေတခါးပေါ်တော်မူမ ဟာကျန်ဘုရားကြီး ကျောက်ရာဇ် ကေကျောင်းတိုက်၌ ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက် ရာတွင် လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ် ရေးအဖွဲ့များသည် ဌာနဆိုင်ရာ ဝန်ထမ်းများဖြင့် ပူးပေါင်း၍ မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ် ရေးအဖွဲ့များသည် အစိုးရရပ်ကွက် ၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ် ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး အစိုးရအဖွဲ့ ရိပ်သာကြီးဘေး၌ အုန်းပင်များ စိုက်ပျိုးပေးသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ် ရေးအဖွဲ့များသည် နယ်လှည့်ဆေး ကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကိုးတန်ကောက်ကျေးရွာ၌ ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင် ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သံမဏိလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ အခန်းကဏ္ဍ

မောင်စိန်ဝင်း(ညောင်ခါးရှည်)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ထိုနိုင်ငံရှိ လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်၍ ယင်းစီးပွားရေးမောင်းနှင်အားကို အခြေခံလျက် ပြည်ပသွင်းကုန်များ အစားထိုးနိုင်သည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို ကျွဲကူးရေပါဆိုသကဲ့သို့ အားပေးမြှင့်တင်ရန် လိုအပ်သည်။ ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်လေလေ ဖွံ့ဖြိုးမှုမြန်လေလေ ဖြစ်ပေမည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဟူသည့် အဓိက အခန်းကဏ္ဍသုံးရပ်ရှိပြီး ထိုကဏ္ဍသုံးရပ်တွင် ထုတ်လုပ်မှုကဏ္ဍမှ မဟာဗျူဟာမြောက်စီးပွားရေး အခြေပြု ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် သံနှင့် သံမဏိထုတ်လုပ်မှုကဏ္ဍသည် အလွန်အရေးပါကြောင်း တွေ့ရသည်။

**သံမဏိ ၁၀၀ ကီလိုဂရမ်အထက် သုံးစွဲ**

ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လူတစ်ဦးချင်းစီ၏ သံ၊ သံမဏိသုံးစွဲမှုပမာဏပေါ်မူတည်၍ တိုင်းတာဖော်ပြကြသည်။ နိုင်ငံတကာ သံမဏိသုံးစွဲမှု စံနှုန်းများအရ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၌ လူတစ်ဦးလျှင် တစ်နှစ်အတွက် အနည်းဆုံး သံမဏိ ၁၀၀ ကီလိုဂရမ်အထက် သုံးစွဲနေကြောင်း သိရသည်။ အဆိုပါနှုန်းထားအတိုင်းဆိုပါက မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာချိန်တွင် လူဦးရေ ၅၁ ဒသမ ၄ သန်းအတွက် တစ်နှစ်လျှင် သံမဏိတန်ချိန် ၅ ဒသမ ၁၄ သန်း လိုအပ်လာမည်ဖြစ်သည်။ ကမ္ဘာ့သံ၊ သံမဏိသုံးစွဲမှုကို လေ့လာပါက ဆောက်လုပ်ရေးလုပ်ငန်းများသည် သံမဏိထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းသုံးစွဲပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများက ၁၆ ရာခိုင်နှုန်း၊ စက်ပစ္စည်းကဏ္ဍက ၁၄ ရာခိုင်နှုန်း၊ သတ္တုထုတ်ကုန်များက ၁၄ ရာခိုင်နှုန်း၊ မီးဖိုချောင်သုံးပစ္စည်း၊ ပရိဘောဂ၊ လျှပ်စစ်ပစ္စည်းများက ၆ ရာခိုင်နှုန်း အသုံးပြုလျက်ရှိကြောင်း တွေ့ရသည်။

သံမဏိသည် လူသားတို့ဘဝရှင်သန်တိုးတက်ရေးအတွက် အခြေခံအကျဆုံးပစ္စည်းအဖြစ် ရပ်တည်လျက်ရှိသည်။ သံမဏိသည် ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုနိုင်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်ခြင်း၊ အခြားမည်သည့်သတ္တုနှင့်မျှ မတူညီသည့် ထူးခြားဆန်းပြားသော အရည်အသွေးနှင့်ပြည့်စုံခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် လိုအပ်ချက်မြင့်မားလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် သံမဏိတန်ချိန် သုံးသန်းခန့် အသုံးပြုနေပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသံမဏိစက်ရုံများ၏ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ လိုအပ်သည့် သံမဏိတန်ချိန် နှစ်သန်းခန့်ကို ပြည်ပမှတင်သွင်းနေရသဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ခန့် ကုန်ကျနေသည်။ တရုတ်နိုင်ငံမှ အဓိကတင်သွင်းပြီး ဂျပန်၊ ယူအေအီးနှင့် အာဆီယံနိုင်ငံအချို့မှလည်း တင်သွင်းသည်။

**ထုတ်လုပ်နိုင်ခြင်းသည် အဓိက**

စက်မှုဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံအများစုကို လေ့လာပါက သံမဏိကိုပြည်တွင်းတွင်ထုတ်လုပ်နိုင်ခြင်းသည် အဓိကဖြစ်ကြောင်း တွေ့ရသည်။ အာရှတွင် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့စက်မှုထွန်းကားရသည့် အကြောင်းရင်းမှာ သံကိုစီးပွားဖြစ်ထုတ်လုပ်နိုင်သောကြောင့် ဖြစ်သည်။ ကိုရီးယားနှင့်တရုတ်တို့တွင် သံရိုင်း (Iron ore) မထွက်ရှိသော်လည်း ဩစတြေးလျကဝယ်ယူ၍ သံမဏိများ ထုတ်လုပ်သည်။

သဘာဝသယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် သံသတ္တုသိုက် (Iron ore Deposit) များရှိပြီးဖြစ်သည်။ ရှောဝတီမြစ်အထက်ပိုင်းတွင် တစ်ခုနှင့် တောင်ကြီးအနီး ပင်းပက်တွင် တစ်ခုဖြစ်သည်။ ပင်းပက်ရှိ သံသတ္တုရိုင်းသိုက်ကို ၁၉၅၄ ခုနှစ်ကတည်းကပင် ဂျာမန်ကုမ္ပဏီတစ်ခုနှင့် ပဏာမစမ်းသပ်ခဲ့ရာ ကြီးမားသောသတ္တုသိုက်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ သံတန်ချိန် စုစုပေါင်း သန်း ၇၀ ခန့်ရှိသည့် သတ္တုသိုက်ဖြစ်ပြီး တစ်နှစ် သံစိမ်းတန်ချိန် နှစ်သိန်းထုတ်လုပ်ပါက နှစ်ပေါင်း ၁၁၀ ခန့် အသုံးပြုနိုင်သည့် ပမာဏဖြစ်သော်လည်း သံပါဝင်မှု (Iron Content) မှာ ယင်းကာလ သံထုတ်လုပ်သည့်နည်းစဉ်များနှင့် အသုံးပြုရန် အခက်အခဲရှိခဲ့သည်။

> **“သဘာဝသယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် သံသတ္တုသိုက် (Iron ore Deposit) များ ရှိပြီးဖြစ်သည်။ ရှောဝတီမြစ်အထက်ပိုင်းတွင် တစ်ခုနှင့် တောင်ကြီးအနီး ပင်းပက်တွင် တစ်ခုဖြစ်သည်။ ပင်းပက်ရှိ သံသတ္တုရိုင်းသိုက်ကို ၁၉၅၄ ခုနှစ်ကတည်းကပင် ဂျာမန်ကုမ္ပဏီတစ်ခုနှင့် ပဏာမစမ်းသပ်ခဲ့ရာ ကြီးမားသောသတ္တုသိုက်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ သံတန်ချိန် စုစုပေါင်း သန်း ၇၀ ခန့်ရှိ”**

**သတ္တုရိုင်းအမျိုးအစား နှစ်မျိုးတွေ့ရှိ**

ပင်းပက်ဒေသ သံသတ္တုရိုင်းသိုက်တွင် သတ္တုရိုင်း အမျိုးအစားနှစ်မျိုးတွေ့ရှိရပြီး ဟီမင်တိုက် (Hematite) ဟုခေါ်သည့် သံရိုင်းတွင် သံပါဝင်မှု ၅၆ ဒသမ ၄ ရာခိုင်နှုန်းပါဝင်ပြီး လီမွန်နိုက် (Lemonite) သံရိုင်းတွင် သံပါဝင်မှု ၄၂ ဒသမ ၆ ရာခိုင်နှုန်းပါဝင်သည်။ သံသတ္တုရိုင်းမှ သံစိမ်း ထုတ်လုပ်သည့်နည်းစဉ် (Iron making Process) များဖြစ်သည့် Blast Furnce (BF) Process, COREX/FINEX Process၊ Romelt Process ဟူ၍ရှိရာ မြန်မာနိုင်ငံအနေဖြင့် သံသတ္တုရိုင်းမှ သံစိမ်း ထုတ်လုပ်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ MISA တက္ကသိုလ်မှ ပါမောက္ခ VA.Romelt တီထွင်ထားသည့် ရိုမဲ့နည်းစဉ် (Romelt Process) ကို အသုံးပြု၍ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့်သံမဏိ ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ သဘောတူညီချက်အရ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ဆောင်ရွက်ဆဲ စက်ရုံစီမံကိန်းများဖြစ်သည့် သံမဏိစက်ရုံ (မြင်းခြံ)နှင့် သံမဏိစက်ရုံ (ပင်းပက်)တို့ကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံခဲ့ပြီး အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

**စီမံကိန်းများ၏ မူလလျာထားချက်များ**

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့်သံမဏိ ထုတ်ကုန်အမျိုးမျိုးထုတ်လုပ်နိုင်ရန် စက်မှုဝန်ကြီးဌာနသည် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်းနှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အနေဖြင့် Steel Rolling Mill နှင့် Steel Plate Mill တို့အတွက် အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့် Steel Billets (သံမဏိလေးထောင့်တုံးများ) နှင့် Steel Slabs (သံမဏိအထူပြားများ)ကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းထုတ်လုပ်ပေးရန် ပထမအဆင့်စီမံကိန်း (Phase I)ကို လည်းကောင်း၊ ဒုတိယအဆင့် စီမံကိန်း (Phase II) အနေဖြင့် တိုက်ရိုက်ဓာတ်လျှော့သံ (ခေါ်) သံပွ(Sponge Iron) ထုတ်လုပ်ခြင်း (သဘာဝ သံသတ္တုရိုင်းမှ သံအောက်ဆိုဒ်များကို ဓာတ်လျှော့နည်းကိုအသုံးပြု၍ သံပွအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်း)နှင့် Steel Slabs ၊ Hot Rolled Coil၊ Hot Rolled Sheet၊ Cold Rolled Coil များ ထုတ်လုပ်နိုင်ရန်အတွက် လည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်း၏အဆက် (Phase II A) တွင် Value Added ထုတ်ကုန်များဖြစ်သည့် Galvanized & AL–Zinc Coated Coil၊ Colour Coated Coil၊ Slit Coil၊ Profile & Formed Section Sheet များ ထုတ်လုပ်ရန်အတွက်လည်းကောင်း၊ တတိယအဆင့်စီမံကိန်း (Phase III) တွင် Steel Section and Round၊ Steel Rail၊ Big diameter welded Pipe နှင့် Medium diameter welded Pipe များ ထုတ်လုပ်ရန်အတွက်လည်းကောင်း အီတလီနိုင်ငံမှ Danieli ကုမ္ပဏီအပါအဝင် သက်ဆိုင်ရာကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုခဲ့သည်။

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းအနေဖြင့် Steel Billets နှင့် Steel Slabs ကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်း ထုတ်လုပ်ပေးမည့် သံရည်ကျို အလုပ်ရုံ (Melt Shop–1)နှင့် ဆက်စပ် အလုပ်ရုံများ တည်ဆောက်ရန် ပထမအဆင့်စီမံကိန်းကို ၂၀–၁၁–၂၀၀၄ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ စတင်တည်ဆောက်ခဲ့သည်။ စီမံကိန်းပထမအဆင့်ကို ဆောင်ရွက်ပြီးနောက် Steel Billets နှင့် Slabs များ တစ်ပြိုင်နက် ထုတ်လုပ်မည့် သံရည်ကျိုအလုပ်ရုံ (Melt Shop–2 )နှင့် Direct Reduction Plant,Hot Strip Mill နှင့် Cold Mill Complex တို့ပါဝင်သည့် ဒုတိယအဆင့်စီမံကိန်းကို ၁၄–၇–၂၀၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ ဆက်လက်ဆောင်ရွက်ခဲ့သည်။ (Melt Shop – 2 မှ ၂၀၁၆ ခုနှစ်တွင် သံမဏိအထူပြား တန်ချိန် ၂၀၀၀ ကို စတင် ထုတ်လုပ်နိုင်ခဲ့သည်)။

Galvanized & AL–Zinc Coated Coil၊ Colour Coated Coil၊ Silt Coil နှင့် Profile & Formed Section Steel Sheet များ ထုတ်လုပ်မည့် ဒုတိယအဆင့်စီမံကိန်း၏အဆက်ဖြစ်သော Phase II A ကို ၁၄–၆–၂၀၁၁ ရက်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆို၍

*စာမျက်နှာ ၁၇ သို့*



အမှတ်(၂)သံမဏိစက်ရုံ ပင်းပက်။

*စာမျက်နှာ ၁၆ မှ*
ဆက်လက်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းပြီးစီးပါက အရွယ်စုံ၊ အရောင်စုံ၊ ဆိုက်စုံဈေးကွက်ဝင် သံပြား နှင့် အမိုးပြားများ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ဆက်လက်၍ Steel Section and Round၊ Steel Rail၊ Big diameter welded Pipe နှင့် Medium diameter welded Pipe များ ထုတ်လုပ်မည့် တတိယအဆင့်စီမံကိန်း (Phase III) ကို ၃-၈-၂၀၁၂ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး အပိုင်းလိုက် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းမှာ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၏ အဓိကကုန်ကြမ်း ဖြစ်သည့် (Pig Iron) သံစိမ်းများ ထုတ်လုပ်ပေးနိုင်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ JSC Tyazh-promexport (TPE)Co.,Ltd နှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် (Pig Iron) သံစိမ်းတန်ချိန် နှစ်သိန်း ထုတ်လုပ်သွားမည်ဖြစ်သည်။

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းကျော် ရောက်ရှိနေပြီး စီမံကိန်းပြီးစီးမှုအနေဖြင့် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အနေဖြင့် စီမံကိန်းလုပ်ငန်းများပြီးစီးမှု ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းဖြင့် အရှိန်အဟုန်ဖြင့် တည်ဆောက်နေဆဲကာလတွင် ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ (၇/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ညွှန်ကြားခဲ့သဖြင့် အဆိုပါစီမံကိန်းနှစ်ခုအား ၃၁-၃-၂၀၁၇ ရက်နေ့တွင် ရပ်ဆိုင်းခဲ့ရသည်။ ဆောင်ရွက်ဆဲစီမံကိန်းများ ရပ်ဆိုင်းလိုက်ရသဖြင့် နိုင်ငံတော်အနေဖြင့် များစွာဆုံးရှုံးနစ်နာခဲ့ရသည်။ အချို့သောစက်ပစ္စည်းများမှာ အချိန်ကြာမြင့်စွာ ရပ်ဆိုင်းထားသည့်အတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ချို့ယွင်းပျက်စီးခြင်း၊ ယခင်ထည့်သွင်းခဲ့သည့် ကွန်ပျူတာဆော့ဝဲလ်များ ပျောက်ဆုံးပျက်စီးခြင်း၊ နည်းပညာ၊ အချိန်၊ ငွေကြေးနှင့် လုပ်အားများဆုံးရှုံးခြင်းတို့ကြောင့် ရပ်ဆိုင်းကာလ ခြောက်နှစ်ခန့် (၂၀၁၇ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် မတ်လအထိ) အတွင်း ထုတ်လုပ်မှုလုပ်ငန်းများမှရရှိလာမည့် အကျိုးအမြတ်များ အလဟဿဖြစ်သွားခြင်းတို့မှာ အစားထိုးမရသော ဆုံးရှုံးမှုများဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပြီး ရပ်နားထားရသည့် စက်ရုံ၊ အလုပ်ရုံများထဲမှ ပုဂ္ဂလိကပိုင် ပြုလုပ်နိုင်ခြင်းမရှိသော စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဝိုင်းဝန်းကူညီ ပံ့ပိုးပေးရန်နှင့် နည်းလမ်းရှာဖွေ၍ ဝင်ငွေရအောင် ဆောင်ရွက်ရန်၊ ပြည်တွင်းရှိ သံမဏိစက်ရုံနှင့် သံစက်ရုံများမှာ အကြောင်းအမျိုးမျိုးကြောင့် စွမ်းအားပြည့် လည်ပတ်နိုင်မှုမရှိခြင်းကြောင့် ပြည်ပမှ သံမဏိအများအပြားတင်သွင်းနေရသဖြင့် တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုမရှိစေရန် အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) တို့အား** ပြန်လည်လည်ပတ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်” ဟူသည့် လမ်းညွှန်ချက်များအရ ရပ်ဆိုင်းထားခဲ့ရသည့် စီမံကိန်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့တွင် ပြန်လည်စတင်နိုင်ရေးဆောင်ရွက်ခဲ့ရာ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) အနေဖြင့် ၂၀၂၂-



**အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၏ သံရည်ကျိုအလုပ်ရုံ(၁)အား တွေ့မြင်ရစဉ်။**

၂၀၂၃ ဘဏ္ဍာနှစ် မတ်လအတွင်း သံရည်ကျိုလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ပြီး အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထုတ်လုပ်မှုလုပ်ငန်းများ စတင်နိုင်ရေး လျာထား စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိ စစ်ဆေးစဉ် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက သံမဏိစက်ရုံစီမံကိန်းများ ဆောင်ရွက်ထားရှိမှု၊ သံနှင့်သံမဏိပစ္စည်းများ ပြည်ပမှတင်သွင်းမှုနှင့် နှစ်အလိုက် သံနှင့်သံမဏိပစ္စည်းများ သုံးစွဲမှုလိုအပ်ချက်၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က **“သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိပစ္စည်းများမှာ များစွာလိုအပ်နေသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့်သာမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆောင်ရွက်လိုပါကလည်း စည်းကမ်းနှင့်အညီ ခွင့်ပြု၍ ပြည်တွင်းသံမဏိထုတ်လုပ်သည့် လုပ်ငန်းကို အားပေးမြှင့်တင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သံမဏိထုတ်လုပ်ရန်အတွက် အခြေခံသံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များရှိပြီးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါက ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဒေသစက်မှု လုပ်ငန်းများဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာနှစ် သံနှင့်သံမဏိပစ္စည်း အမေရိကန်ဒေါ်လာ ၉၉၅ သန်းခန့် တင်သွင်းခဲ့ရသဖြင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်း လုပ်ငန်းကိုမြှင့်တင်၍ ပြည်ပမှတင်သွင်းမှုကို လျှော့ချသွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် သံမဏိများ လိုအပ်သကဲ့သို့ ဘိလပ်မြေစက်ရုံများလည်း ထပ်မံတိုးချဲ့တည်ဆောက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် မဟာဗျူဟာဖြင့် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး မြန်မာနိုင်ငံအတွက် သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြား တစ်ခေတ်ဆန်းလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာရေး အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)မှ အဓိက အင်အားစုအဖြစ် အားဖြည့်နိုင်ပါစေကြောင်း”** ဆုမွန်ကောင်းတောင်းပေးခဲ့သည်။

**နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသို့ လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်းသို့ လည်းကောင်း၊ ၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသို့ လည်းကောင်း၊ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ လည်းကောင်း ရောက်ရှိစစ်ဆေးလျက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည်။

**စက်ရုံများ၏ ချိတ်ဆက်ဆောင်ရွက်မှု**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသသည် မြန်မာနိုင်ငံတွင် ကျောက်ရည်ပူနှင့်ဆက်နွယ်သော အနည်ကျသံသတ္တုရိုင်းအများဆုံးထွက်ရှိရာ ဒေသတစ်ခုဖြစ်သည်။ သံသတ္တုရိုင်းမှသံစိမ်း (Pig Iron)များ ထုတ်လုပ်နိုင်ရန် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံအကူအညီဖြင့် တည်ဆောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport (TPE) Co., Ltd ဖြင့်ပူးပေါင်း၍ ၂၀၀၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်သည့် ကမ္ဘာပေါ်တွင် အသုံးအများဆုံးနည်းစဉ်များဖြစ်သည့် Blast Furnace(BF) Process၊ COREX/FINEX Process နှင့် Romelt Process ဟူ၍ရှိရာ ပင်းပက်စီမံကိန်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နည်းပညာဖြစ်သည့် Romelt Process ဖြင့် ထုတ်လုပ်မည်ဖြစ်သည်။

ကုန်ကြမ်းအဖြစ်လိုအပ်သည့် ဟီမင်တိုက်သံရိုင်းနှင့် လီမွန်နိုက်သံရိုင်းကို ပင်းပက်ဒေသမှ လည်းကောင်း၊ ထုံးကျောက်ကို စက်ရုံအနီးရှိ နောင်ကာကယ်ထုံးကျောက်တောင်မှ လည်းကောင်း၊ ဒိုလိုမိုက်ကျောက်ကို စက်ရုံမှ ခုနစ်မိုင်ခွဲခန့်အကွာရှိ ထန်ဆာတောင်မှ လည်းကောင်း၊ ကျောက်မီးသွေးကို နမ့်စမ်နှင့်ပင်လုံဒေသများမှ လည်းကောင်း၊ ဆီလီကာသဲကို သာစည်မြို့နယ် ပြည်ညောင်ဒေသမှ လည်းကောင်း ရရှိမည်ဖြစ်သည်။ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)မှရရှိသည့် သံစိမ်းကို အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)တွင် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။ စက်ရုံမှ တစ်နှစ်လျှင် သံစိမ်းတန်ချိန် နှစ်သိန်းနှင့် ချော်လုံး (Granulated Slag)တန်ချိန် ၂ ဒသမ ၈ သိန်းကို ထုတ်လုပ်နိုင်မည်ဟု သိရသည်။

သံနှင့်သံမဏိထုတ်လုပ်မှု လုပ်ငန်းများသည် နည်းပညာနှင့် အရင်းအနှီးကြီးမားခြင်း၊ ကျွမ်းကျင်လုပ်သားလိုအပ်ခြင်း၊ ဈေးကွက်ဝေစုရရန်ခက်ခဲခြင်း၊ လုပ်ငန်းခွင်အန္တရာယ်နှင့် နီးကပ်ခြင်း စသည့်အချက်များကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်ရန်ခက်ခဲပြီး နိုင်ငံတော်က ပံ့ပိုးကူညီမှုများစွာ လိုအပ်သောလုပ်ငန်းများဖြစ်သည်။ မြန်မာနိုင်ငံ၏ သံနှင့်သံမဏိထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံပိုင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန တစ်ရုံ၊ စက်မှုဝန်ကြီးဌာန နှစ်ရုံနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း(MEC)လက်အောက်တွင် သုံးရုံရှိပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်သံရည်ကျိုလုပ်ငန်း ၃၆၂ ခုရှိကြောင်း သိရသည်။

နိုင်ငံတော်၏ သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီး မြေ ၇၉၅ ဧကတွင် လည်းကောင်း၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ မြေ ၅၁၄၀ ဒသမ ၈၄ ဧကတွင် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် ထုတ်ကုန်များကို အုပ်စုခွဲပါက သံနှင့်သံမဏိထုတ်လုပ်မှုဆိုင်ရာအုပ်စု၊ ဘိလပ်မြေနှင့် ကြွေထည်မြေထည် ထုတ်လုပ်မှုဆိုင်ရာအုပ်စု၊ ချည်မျှင်နှင့် အထည် ထုတ်လုပ်မှုဆိုင်ရာအုပ်စုနှင့် ဆေးဝါးနှင့်လူသုံးကုန် ထုတ်လုပ်မှုဆိုင်ရာအုပ်စုဟူ၍ အဓိက အုပ်စုကြီး လေးခုရှိသည်။ သံနှင့်သံမဏိ ထုတ်လုပ်မှုဆိုင်ရာ အုပ်စုအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နေပြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းမှာမူ ထုတ်လုပ်မှုလုပ်ငန်းများစတင်ရန် ဆောင်ရွက်ဆဲဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းရှိ သံရည်ကျိုအလုပ်ရုံ Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာန၌ သံရည်ကျိုလုပ်ငန်းဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ် သံရည်ကျိုပုံလောင်းဌာနမှ ကိုးမီတာအရှည်ရှိ သံမဏိလေးထောင့်တုံး( Steel Billets) များထုတ်လုပ်နေမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာနမှ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပြန်လည်စတင်ထုတ်လုပ်ခဲ့သည့် သံမဏိလေးထောင့်တုံးအပေါ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ခြင်းနှင့် စက်ရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပပညာရှင်များအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ပံ့ပိုးမှု၊ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်းသည် ပြန်လည်စတင်လည်ပတ်နိုင်ခဲ့ပြီး မကြာမီသောကာလတွင် ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။ စီမံကိန်းများအပိုင်းလိုက် ဆောင်ရွက်ပြီးပါက သံချောင်းလုံးများ၊ Hot Roll Coil ,Cold Roll Coil၊ Channel & Beam အမျိုးမျိုး၊ မီးရထားသံလမ်းများနှင့် ဖိအားမြင့်ပိုက်များ စသည့်သံမဏိထုတ်ကုန်အမျိုးမျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းမှာလည်း မကြာမီသောကာလအတွင်း ထုတ်လုပ်မှုလုပ်ငန်းများ စတင်ထုတ်လုပ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် သံမဏိလုပ်ငန်းများနှင့်ယှဉ်၍ သုံးသပ်နိုင်သော သမိုင်းကြောင်းတစ်ခုရှိခဲ့သည်ကို ဖော်ပြလိုသည်။ တစ်ချိန်သောအခါက *စာမျက်နှာ ၁၈ သို့*

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## ဂန္ထဝင် ဂီတစာဆိုနှင့် ဂီတမှူး စန္ဒရား ငွေစိုးကွယ်လွန်

**ရန်ကုန် ဇွန် ၂၄**

တစ်ခေတ်တစ်ခါက ရေပန်းစားခဲ့သော ကာလပေါ်သီချင်းများစွာကို ရေးသားခဲ့သည့် တေးပြုစာဆိုနှင့် ဂီတမှူး စန္ဒရားငွေစိုးသည် ဇွန် ၂၄ ရက် နံနက် ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းနေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။

ကွယ်လွန်ချိန်တွင် စန္ဒရားငွေစိုးသည် အသက် (၈၅ နှစ်) ရှိပြီဖြစ်ပါသည်။

"စန္ဒရားငွေစိုးနဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းပါ။ သူဟာ သူ့ရဲ့ထူးခြားချက်အနေနဲ့ ကမ္ဘာ့ဂီတကိုလည်း တီးခတ်နိုင်တယ်။ ဂီတလောကအတွက် ဆုံးရှုံးမှုတစ်ခုပေါ့။ တော်တော်စိတ်ထဲမကောင်းဘူး။ တွံတေးသိန်းတန် သီချင်းတွေအားလုံးဟာ သူတီးခတ်ပေးတာများပါတယ်" ဟု မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောသည်။



စန္ဒရားငွေစိုးကို ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ခေတ်ဟောင်းရုပ်ရှင်ဒါရိုက်တာကြီး ဦးဘသင်-ဒေါ်တင်တင်တို့မှ ဝါးခယ်မတွင် မွေးဖွားခဲ့ပြီး ငယ်စဉ်ကတည်းက ဂီတကို ဝါသနာထုံခဲ့သည်။

စန္ဒရားငွေစိုးသည် ၁၉၅၉ ခုနှစ်ကတည်းက ဝါသနာထုံလှသော ဂီတနယ်ပယ်သို့ ဝင်ရောက်ခဲ့သည်။ သူ၏ ပထမဆုံးစန္ဒရားလက်သံမှာ ဝင်ဒါမီယာကရက်ဆင့် အသံလွှင့်ရုံမှ ထုတ်လွှင့်ပေးခဲ့သော "စောင်းမြတ်နွယ်"သကြ်န်အဖွဲ့၏ သကြ်န်တေးသီချင်းများဖြစ်သည်။

ထိုနှစ်တွင်ပင် ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသည့် ဂီတသုခမ သုတေသနအဖွဲ့ချုပ်၏ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးတွင် စန္ဒရားအတီး ပထမရွှေတံဆိပ်ဆု၊ စန္ဒရားလက်စွမ်းပြ ပထမငွေဒိုင်းဆုကြီးများ ရရှိခဲ့သည်။

ဂီတမှူး၊ စန္ဒရားအတီးပညာရှင်အဖြစ် အသံလွှင့်တီးဝိုင်းများ၊ ဓာတ်ပြားတေးများ၊ ဇာတ်လမ်းတိပ်ခွေများနှင့် တေးစီးရီးများစွာတို့ကို တီးခတ်ခဲ့သည်။

နာမည်ကျော်အဆိုတော်နှင့် ရုပ်ရှင်မင်းသား တွံတေးသိန်းတန်၏ ပင်တိုင်စန္ဒရားပညာရှင်အဖြစ်ဆောင်ရွက်ခဲ့ပြီး တွံတေးသိန်းတန်၏ သီချင်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ကို စန္ဒရားငွေစိုးက တီးခတ်ပေးခဲ့သည်။

သူ၏ ကျော်ကြားလှသောတေးသီချင်းများမှာ "လှပါတယ်မေရယ်"၊ "ပန်းပေးပါရစေ စပယ်တစ်ကုံး" စသည့် တစ်ခေတ်တစ်ခါက အလွန်ရေပန်းစားခဲ့သော သီချင်းများဖြစ်သည်။

စန္ဒရားငွေစိုး၏ ဈာပနကို ဇွန် ၂၆ ရက် နံနက် ၁၁ နာရီတွင် ရေဝေး၌ ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် ဘိလပ်မြေသည် အရည်အသွေးကောင်းမွန်မှုကြောင့် တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်တွင် မျက်နှာပန်းလှခဲ့သည်။ စက်ရုံထုတ်စျေးနှင့် ပြင်ပစျေးကွက်ပေါက်စျေးမှာ ကွာခြားသဖြင့် ကုန်သည်ပွဲစားများ စီးပွားဖြစ်ခဲ့ကြပြီး ထုတ်သမျှကုန်သည့် ထုတ်ကုန်ဖြစ်ခဲ့သည်။

**ပုဂ္ဂလိကပိုင်စက်ရုံများတည်ထောင်**

နိုင်ငံတော်က စျေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးလာချိန်တွင် အချို့စက်ရုံ အလုပ်ရုံများကို နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်ကဏ္ဍသို့ ပြုပြင်ပြောင်းလဲခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းမှာလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာရာ ပြည်တွင်းထုတ်ဘိလပ်မြေနှင့် မလုံလောက်၍ ပြည်ပမှတင်သွင်းရသည့် အခြေအနေသို့ရောက်ရှိခဲ့သည်။ ထိုသို့သောအခြေအနေတွင် ဘိလပ်မြေစက်ရုံများကို ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကပိုင်စက်ရုံများတည်ထောင်ပြီး ထုတ်လုပ်ခွင့်ပြုခဲ့သဖြင့် ပြည်ပတင်သွင်းမှုလျော့ကျခဲ့သည့်အပြင် သွင်းကုန်အတွက်ပေးချေရသည့် နိုင်ငံခြားငွေများစွာသက်သာစေခဲ့သည်။ ထိုစက်ရုံများ၏ အကျိုးကျေးဇူးကြောင့် လမ်းတံတားပေါင်းများစွာအပြင် နေပြည်တော်ကဲ့သို့ မြို့သစ်ကြီးများ၊ အမြန်လမ်းမကြီးများ ပေါ်ထွန်းလာခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးမူဝါဒများပါ တစ်ပြိုင်တည်း လိုက်ပါဆောင်ရွက်နိုင်ပါမှ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးက တခြား၊ စီးပွားရေးကတစ်လမ်း သွားနေ၍မရပါ။ စီးပွားရေးကို နိုင်ငံရေးအသုံးချခံအဖြစ်ဆောင်ရွက်ပါက စီးပွားရေးမှာ သေသွားနိုင်သည်။ စာရေးသူ၏ တစ်ဦးတစ်ယောက်တည်းအမြင်အရ စက်မှုဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများအနက် သံမဏိစက်ရုံများ ရပ်နားလိုက်ရခြင်းကြောင့် နစ်နာဆုံးရှုံးမှုများသည် အကြီးမားဆုံးဖြစ်သည်။ စက်ရုံများကို ၂၀၁၇ ခုနှစ် မတ်လတွင် ရပ်ဆိုင်းခဲ့သဖြင့် ၂၀၂၃ ခုနှစ် မတ်လအထိ ရပ်ဆိုင်းကာလ ခြောက်နှစ်ခန့်ကြာမြင့်ခဲ့သည်။ ထိုကာလအတွင်း ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှု မရှိခဲ့ပါ။

**အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) ပြန်လည်စတင်နိုင်ခဲ့**

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) အနေဖြင့် ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်မှစတင်၍ ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ပြီး မေလအထိ ထုတ်လုပ်မှုမှာ Steel Billet တန်ချိန် ၅၂၀ ဒသမ ၅၂ ဖြစ်သည့်အတွက် တန်ဖိုးအနေဖြင့် ၈၄၀ ဒသမ ၅၂ သန်းရှိသည်။ ပြန်လည်စတင်လည်ပတ်ထုတ်လုပ်ရသည့်အတွက် စက်စွမ်းအားပြည့်မထုတ်လုပ်နိုင်သည့်အခြေအနေတွင်ပင် ရရှိနိုင်သည့် ဝင်ငွေသည် များပြားလှသည့်အတွက် ခြောက်နှစ်ကြာ ရပ်တန့်ထားသည့်အချိန်တွင် ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ပါက ရရှိလာမည့်ဝင်ငွေနှင့် အကျိုးအမြတ်မှာ ကျပ်ဘီလီယံချီရှိမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မြန်မာနိုင်ငံအတွက် သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြားတစ်ခေတ်ဆန်းလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာစေရေး အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)က အဓိကအင်အားစုအဖြစ် အားဖြည့်နိုင်ပါစေကြောင်း" ဆုမွန်ကောင်းတောင်းခဲ့သည်။ နိုင်ငံတော်၏စေတနာ၊ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုများကြောင့် ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းရှိ သံရည်ကျိုအလုပ်ရုံ Melt Shop-1 လျှပ်စစ်သံရည်ကျိုဌာနရှိ သံရည်ကျို ပုံလောင်းဌာနမှ ကိုးမီတာအရှည်ရှိ သံမဏိလေးထောင့်တုံးများ ထုတ်လုပ်နိုင်ခဲ့မှုကို ကြိုဆိုဂုဏ်ပြုလျက် ဤဆောင်းပါးဖြင့် ကမ္ပည်းတင်အပ်ပါသည်။ ။

**ကျမ်းကိုး**

- **စက်မှုသတင်းလွှာ၊ အတွဲ(၁) အတွဲ(၂)**
- **၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ**
- **အင်တာနက်သတင်းများ**

## မေဆင်မောင့်အတွက် မန်ယူအသင်း၏ တတိယကြိမ်ကမ်းလှမ်းမှု ချယ်ဆီး ထပ်မံပယ်ချ

မန်ယူအသင်းသည် ကွင်းလယ်ကစားသမားမေဆင်မောင့်အတွက် ပေါင် ၅၅ သန်းဖြင့် တတိယအကြိမ်မြောက် ကမ်းလှမ်းလိုက်သော်လည်း ချယ်ဆီးက ထပ်မံပယ်ချလိုက်ကြောင်း သိရသည်။



ချယ်ဆီး အသင်းသည် အင်္ဂလန် ကစားသမားအတွက် အပိုဆုကြေးများအပြင် အနည်းဆုံး ပေါင် ၅၈ သန်း အလိုရှိနေသည်။ မန်ယူအသင်းသည် အဆိုပါကစားသမားအတွက် ကမ်းလှမ်းမှုနှစ်ကြိမ်တွင် ပေါင်သန်း ၄၀ နှင့် ပေါင်သန်း ၅၀ ဖြစ်ကြောင်း သိရသည်။ မန်ယူ အသင်းနည်းပြ တန်ဟတ်သည် မေဆင်မောင့်ကို ခေါ်ယူကာ အသင်းကိုအားဖြည့်လိုနေသည်။ မောင့်သည် ၂၀၁၉ ခုနှစ်တွင် ချယ်ဆီးအသင်းနှင့် ပွဲဦးထွက်ကစားပြီးနောက် အသင်းအတွက် ၁၉၅ ပွဲ ပါဝင်ကစားထားပြီး ၃၃ ဂိုး သွင်းယူပေးထားသူဖြစ်သည်။

အင်္ဂလန်အသင်းအတွက် ၃၆ ပွဲ ပါဝင်ကစားထားသော မောင့်သည် ၂၀၂၁ ခုနှစ်တွင် ချယ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားဆွတ်ခူးရရှိထားသည်။ ယခုအကြိမ်ကမ်းလှမ်းမှုကို ချယ်ဆီးအသင်းက ပယ်ချလိုက်သည့်အတွက် မန်ယူအသင်းအနေဖြင့် မေဆင်မောင့်အား ခေါ်ယူရေးလက်လျှော့သွားဖွယ်ရှိသည်။

**အောင်ဇော်**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့်
မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## လှိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

လှိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက် ညနေ ၃ နာရီတွင် လှိုင်လင်မြို့နယ် လှိုင်လင်-တောင်ကြီးသွား ကားလမ်း ဟိုတင့် ကျေးရွာအနီးတွင် လှိုင်လင်မှ တောင်ကြီးဘက်သို့ အိုက်ဆန် မောင်းနှင်လာသည့် Super Custom မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး (**အပေါ်ပုံ**) စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ကွန်ဟိန်းမြို့နယ် ကာလိမြို့မှ ဟိုပုံးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-တောင်ကြီး
## ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက်ဆေးတက္ကသိုလ်-တောင်ကြီးတွင်ဖွင့်လှစ်သင်ကြားမည့်အောက်ပါ ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) M.Med.Sc (Anatomy) | ၂ နှစ် |
| ၂။ | ဆေးပညာမဟာသိပ္ပံ(ဇီဝဓါတုဗေဒ) M.Med.Sc (Biochemistry) | ၂ နှစ် |
| ၃။ | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) M.Med.Sc(Physiology) | ၂ နှစ် |
| ၄။ | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) M.Med.Sc (Pharmacology) | ၂ နှစ် |
| ၅။ | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) M.Med.Sc (Internal Medicine) | ၃ နှစ် |
| ၆။ | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) M.Med.Sc (Surgery ) | ၃ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဘွဲ့(M.B.,B.S.)(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)၊ဆေးပညာမဟာသိပ္ပံ(ဇီဝဓါတုဗေဒ)၊ ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)နှင့် ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ)အတွက် လုပ်သက်သတ်မှတ်ချက်မရှိလျှောက်ထားနိုင်ပါသည်။

(ဃ) ဆေးပညာမဟာသိပ္ပံ(ဆေးပညာ )၊ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ)သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(စ) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး ( ၅ )နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ( ၄ .၈.၂၀၂၃ )ရက်(သောကြာနေ့ )ဖြစ်ပါသည်။

၄။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ( ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကိုလုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ဆေးတက္ကသိုလ်-တောင်ကြီး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ( ၆.၁၀.၂၀၂၃ )ရက် (သောကြာနေ့ )ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်း)တိတိကိုမြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးတွင်ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်၊ တောင်ကြီး၏ ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့ ပေးသွင်းရမည်။ (မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးတွင် ဆေးတက္ကသိုလ်-တောင်ကြီး ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၀။ လျှောက်လွှာခေါ်ယူမည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-တောင်ကြီး၊ ဖုန်းနံပါတ်၀၈၁-၂၁၂၄၈၆၂သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သို့မဟုတ် ဆေးတက္ကသိုလ်-တောင်ကြီး Website ( www . umtgi . edu. mm) ၊ ( www . umtgi . gov . mm ) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်-တောင်ကြီး**

---

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ ရန်-မန်းလမ်းဟောင်းဘေး၊ အမှတ်(၁/၃၂၆)တွင် ဖွင့်လှစ်ထားရှိသော Sea of Cloud Company Limited ( Company Registration No.121928337)သည် ၁၂-၆-၂၀၂၃ရက်တွင် ကျင်းပသည့် ကုမ္ပဏီ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိရှယ်ယာအရေအတွက် (၅၀၀)စု၊ တန်ဖိုးငွေကျပ်( ၅၀၀၀၀၀၀၀) မှ (၁၅၀)စု၊ တန်ဖိုးငွေကျပ်(၁၅၀၀၀၀၀၀)သို့ လျှော့ချရန် အတည်ပြုဆောင်ရွက်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## အမည်ပြောင်း

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ အောင်ဆွေဒဂုံလမ်းသွယ်နေ အထက (၂)ထားဝယ်၊ Grade-8 မှ ဦးခင်မောင်ဖြိုး-ဒေါ်သန္တာဝင်းတို့၏ သမီးဖြစ်သူ မမြမြင့်ဇူအား မမြမဇ္ဈူအား မမြမဇ္ဈူ ၆/ထဝန(နိုင်)၁၇၀၇၆၀ သို့ ပြောင်းလဲခေါ်ဆိုပါရန်။

**မမြမဇ္ဈူ**

## အသင်းသားများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ GEC ပညာရေးသမဝါယမ အသင်းမီလိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် အသင်းသား/အသင်းသူများသည်မိမိတို့၏အစုငွေများကို လာရောက်ထုတ်ယူရန်အတွက် စာရင်းရှင်းတာဝန်ခံနှင့် ဆက်သွယ်ကာ အသင်းသားဖြစ်ပါကြောင်း အထောက်အထားများဖြင့် ရုံးချိန်အတွင်း ၃၁-၇-၂၀၂၃ရက်နေ့ ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍လာရောက်ထုတ်ယူပါရန် အသင်းသားများ သိစေရန် ကြေညာအပ်ပါသည်။

**စာရင်းရှင်းတာဝန်ခံ ဖုန်း-၀၅၉-၂၀၃၅၀၁၂**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ဇီးပေါက်ကျေးရွာမှဦးထွန်းလှ၏ သား Grade-8 မှ မောင်တိုးမြင့်အောင်၏အမည်မှန်မှာ မောင်တိုးမြတ်အောင်ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ် အမှန်မှာ ၁၂-၄-၂၀၀၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ ဆူးရာဇ်ချောင်း အထက-ခွဲ၊ Grade-10 တန်းမှ မမျိုးချစ်သန်း၏ ဖခင် ဦးဝေလူအောင်၏ အမည်မှန်မှာ ဦးစောလှကျော် ၁၁/မဥန(နိုင်) ၁၂၅၂၉၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၇၈၇၆, Honda Wave 100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသက်ထွေး ၆/ထဝန(နိုင်)၁၃၆၁၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၉၅၉၁, Honda Wave -110 M/C ယာဉ်လက်ဝယ်ရှိသူဦးသက်ဝင်း ၇/ပမန(နိုင်)၁၅၉၃၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၆-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၃၁) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁/သကတ) အစား အမှတ်(၁/သကတ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ သာယာကုန်းကျေးရွာ နေ ဦးဝင်းမောင် ၆/လလန(နိုင်)၀၃၀၄၈၇ ၊ ဒေါ်စန်းမြင့် ၆/လလန(နိုင်)၀၄၃၄၀၃ တို့၏ သမီးဖြစ်သူ မသူဇာထွေး(ခ) သူသူဟန် ၆/လလန(နိုင်)၁၆၄၆၃၁ သည် မိဘဖြစ်သူ ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ ၁၅-၆-၂၀၂၃ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူမနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဝင်းမောင်-ဒေါ်စန်းမြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/95304, Power Thai 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်မြင့် ၁၄/မအပ(နိုင်)၁၄၃၇၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ တိုက်အမှတ်-၁၈၏ ဒုတိယထပ်(B-3) (၁၅ပေxပေ ၇၀)ကျယ်သော တိုက်ခန်း(၁)ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရင်ရင်ဌေး ၁၀/သဖရ(နိုင်)၀၀၂၅၇၄ ထံ မှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဝင်းဦး ၆/ထဝန(နိုင်)၀၄၀၄၄၆၊ ဒေါ်ချိုချိုထွေး ၆/ထဝန(နိုင်)၀၁၄၀၀၆တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၄းရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်စီစီနိုင်(LL.B)** | **ဒေါ်မျိုးမမထွန်း (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၁၀၀)** | **(စဉ်-၁၁၁၃၆)** |

**အမှတ်-၂၆/ဘီ၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်း၊ ဖုန်း-၀၉-၄၃၀၅၂၀၄၃၊ ၀၉-၂၆၁၇၇၆၈၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၅၀၈၃, Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းဝတ်ရည် ၆/ကစန(နိုင်)၁၆၀၇၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၅၆၉၅၀, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးမြင့်ဦး မှတ်ပုံတင်အမှတ် ၆/မမန(နိုင်)၁၆၅၄၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုံ-၁)၊ မြေကွက်အမှတ် (၂၂၃)၊ အကျယ်အဝန်း (၀.၁၆၅)ဧကရှိ ဦးကျော်သက်ခိုင် (၉/မရမ (နိုင်) ၀၅၂၃၁၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကျော်သက်ခိုင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ ဗိုလ်မင်းရောင် (၃)လမ်း၊ မြေကွက်အမှတ် (၁၀၂၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်ဌေးဝင်း (BT- ၀၂၁၄၂၅) အမည်ပေါက် ပါမစ်မြေကွက်အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၀၂၃)နှင့် ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သွဲ့ရည်မွန်မြင့် (၁၂/အလန (နိုင်) ၀၄၁၃၀၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၂၉-င) (၈၂x၈၃)လမ်းကြား၊ (၂၆x၂၇) လမ်းကြားရှိ မသော့အမည်ပေါက်ဘိုးဘမြေကွက်အား (မိခင်) ဒေါ်သော့၊ (ဖခင်) ဦးချို၊(သား) ဦးကိုကိုကြီး၊ (ဇနီး) ဒေါ်တုပ်တို့ အသီးသီးကွယ်လွန်ပြီး ဦးကာစင်၊ ဒေါ်တင်၊ ဒေါ်ခင်၊ ဦးသန်းကြီး တို့ ကျန်ရစ်ခဲ့ပါသည်။ ဦးကာစင်၊ ဒေါ်တင်၊ ဦးသန်းကြီး တို့မှာ လူပျိုကြီး၊ အပျိုကြီးဘဝဖြင့် ကွယ်လွန်၍ ဒေါ်ခင် ကျန်ရစ်ခဲ့ပြီး ဦးလှ နှင့်အိမ်ထောင်ကျ၍ (သား) ဦးဘသိန်းကို မွေးဖွားခဲ့ပါသည်။ (အဘိုး) ဦးလှ၊ (အဘွား) ဒေါ်ခင်၊ (ဖခင်) ဦးဘသိန်း၊(မိခင်) ဒေါ်လှလှတို့အသီးသီးကွယ်လွန်၍ သား၊သမီးများဖြစ်သော ဦးလှမြင့် ပါ(၉)ဦးမှ အမွေဆက်ပိုင်ဆိုင်ခဲ့ပါသည်။ အမွေဆက်ပိုင်ဆိုင်သူများအနက် (ခင်ပွန်း) ဦးလှမြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၁၃၉/၂၀၂၂) ဖြင့် အမွေဆက်ခံခဲ့သော ကျန်ရစ်သူများဖြစ်သည့် ဒေါ်မမကြီး ၉/အမရ(နိုင်)၀၇၇၃၁၀၊ ဦးဇော်ထက်အောင် ၉/အမရ(နိုင်)၁၄၅၉၆၆ ၊ ဦးမောင်သန်း ၉/မနမ(နိုင်) ၀၉၁၂၀၄၊ ဒေါ်ခင်တင့် ၉/မနမ(နိုင်)၀၉၁၂၀၆ ၊ ဒေါ်တင်တင်ကြည် ၉/မနမ(နိုင်)၀၉၁၂၀၇၊ ဒေါ်တင်တင်ဝင်း ၉/မနမ(နိုင်)၀၉၁၂၀၈၊ ဦးမောင်မောင်လေး ၉/မနမ (နိုင်)၀၉၁၂၀၉၊ ဒေါ်တင်တင်လှ ၉/မနမ(နိုင်)၀၉၁၂၁၁၊ ဒေါ်တင်မိုးမိုး ၉/မနမ(နိုင်)၀၉၁၂၁၂ တို့၏ GP ရသူနှင့် (၎င်းကိုယ်တိုင်) ဦးကျော်သူဟန် ၉/မနမ(နိုင်)၀၉၁၂၁၀ တို့က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် လှူဒါန်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၈)၊ ဦးပိုင်အမှတ်(၂)၊ ၂၃ x ၂၄ လမ်းကြား၊ ၈၃ x ၈၄ လမ်းကြား၊ ဧရိယာ ၀ ဒသမ ၀၆၉၈ဧကအကျယ်အဝန်းရှိ မညွန့်(ခ)ဒေါ်ဒေါ်ညွန့်အမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဘိုးဘပိုင် မြေကွက်အား အမည်ပေါက်သူ မညွန့်(ခ)ဒေါ်ဒေါ်ညွန့်မှ ၁၂-၉-၁၉၂၈ ရက်တွင် မှတ်ပုံတင် လှူဒါန်းစာချုပ်ဖြင့် (၁)မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်ပရိယတ္တိသာသန နဂ္ဂဟအသင်း၊ (၂)မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မြတောင်ကျောင်းတိုက်(မဏိစလပါလအသင်း)၊ (၃) ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ်၊ လေးထပ်ကျောင်းတိုက်(လေးထပ်ဂိုဏ်းလုံးဆိုင်ရာဝိနည်းစာတော်ပြန်ပွဲအသင်း)၊ (၄)မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပရိယတ္တိသာသနဟိတအသင်းကြီး၊ (၅)မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အဂ္ဂဗန္ဓုဆွမ်းလောင်းအသင်းကြီး (ယခုမလွန်ဆန်လှူအသင်းကြီး)၊ အသင်းကြီး(၅)သင်းသို့ အပြီးအပိုင်စွန့်လွှတ်လှူဒါန်းခဲ့ပြီး အဆိုပါအသင်းကြီး(၅)သင်းမှ ယနေ့အချိန်ထိ လက်ရှိအသုံးပြုစီမံခန့်ခွဲလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အထက် ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ လှူဒါန်းထားသည့် လှူဒါန်းစာချုပ်မူရင်းမှာ အထက်ပါ အသင်း(၅)သင်း ၏ တာဝန်ရှိသူများမှ အဆင့်ဆင့် လွှဲပြောင်းအသုံးပြုရင်း ပျောက်ဆုံးသွားပါသဖြင့် အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ဖော်ပြပါ အသင်းကြီး(၅)သင်းမှ အမည်ပြောင်း လဲရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ SPECIALITY ဆေးဝါးများ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Oxygen နှင့် အခြား Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက် - ၂၆-၆-၂၀၂၃ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၇-၂၀၂၃ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ဆေးနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ခရိုင်ကုသရေးဦးစီးဌာနမှူးရုံး**
**အထွေထွေရောဂါ ကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၆-၂၀၅၀၃၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ဇာတ်ခုံလမ်း၊ လှည်းဝိုင်းနယ်မြေ၊ အမှတ် (၃)ရပ်ကွက်တွင် ကိုရဲဝင့်သူသည် POINT အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဖြစ်ပြီး အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ သတင်းစာပါရက်မှတစ်ပတ် အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးရဲဝင့်သူ ၉/သစန(နိုင်)၁၃၁၇၉၈**
**ဖုန်း-၀၉- ၂၂၂၅၈၈၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်-၂(အေ)၊ မြေပေါ်၌ ဆောက်လုပ်ထားသော PARAGON RESIDENCE (၂၇)ထပ်ရှိ ကွန်ဒိုတိုက်ခန်း၏ (၂၄)လွှာ၊ အခန်းအမှတ် (၀၁)၊ အကျယ်အဝန်း (၁၆၈၉ စတုရန်းပေ) ကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းမြင့် ၁၂/လမတ(နိုင်)၀၂၇၇၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်မင်းသူ** | **ဒေါ်ယဉ်ယဉ်သူ (LL.B)** |
| **၆/လလန(နိုင်)၀၇၉၂၇၅** | **အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)** |
| | **ဒေါ်တင်ဇာအေးကို (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၆၄)** |
| | **ဖုန်း-၀၉-၇၆၄၈၅၂၈၇၉** |
| | **၀၉-၇၇၀၀၇၃၅၆၁** |

## ကြော်ငြာစာ

### အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃) သဃ်ာန်းကျွန်းခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၄၄ ကွယ်လွန်သူ ဒေါ်ခင်လှဝေ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဦးရဲဇော်မြင့် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ မိကျောင်းကန်အပိုင်း (၃)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် (၆၄)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်လှဝေ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဦးရဲဇော်မြင့်က အမွေဆက်ခံခြင်း၊ အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်(၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်လှဝေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၃ရက် (၁၃၈၅ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

## နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်တော် ဦးမိုးမင်းဝင်း ၁၂/ဗဟန(နိုင်)၀၉၀၈၂၄ နှင့် ဒေါ်မြင့်သန္တာလွင် ၁၂/ဥကမ(နိုင်) ၁၆၀၃၆၂ တို့သည် စိတ်သ ဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်ပါသောကြောင့် ၃၀-၁၀-၂၀၂၁ ရက်တွင် နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမိုးမင်းဝင်း ၁၂/ဗဟန(နိုင်)၀၉၀၈၂၄**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ကံကြီးကျေးရွာအုပ်စု၊ ကံကြီးကျေးရွာနေ ဦးစိုးတင့်-ဒေါ်ခင်သန်းနွဲ့တို့၏ သား အထက (ကံကြီး)၊ Grade (9)မှ မောင်ဇေယျာထက်(ခ)မောင်ခန့်ဇေယျာလင်းအား မောင်စန်းယုဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စန်းယု**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၆-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် နေပြည်တော်တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရှင်ဘို့မယ် အစား ၃၂/ရှင်ဘို့မယ် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀) ရမည်းသင်းမြို့နယ်တရားရုံးတော်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၈

ဦးဇော်လွင်ဦး တရားလို နှင့် ဒေါ်ကေဖြူဖြူဌေး တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် ၃၈၈ နေ တရားပြိုင် ဒေါ်ကေဖြူဖြူဌေး(ဘ)ဦးတင်မောင်ဌေး(မှီခို)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်လွင်ဦး က ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၈ တွင် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၄ရက် (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ရက်)မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်က အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီဟအောင်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၂)**
**ရမည်းသင်းမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်နှင့် အမည်မှန်

စစ်ကိုင်းမြို့၊ ဇေယျာတိုးချဲ့ရပ်ကွက်မှ ဦးမောင်ကျော်၏ သမီး မစိုးမိုးသူ၏ အမည်မှန်မှာ မမိုးမိုးသူဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၁၉၉၉ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(ခွဲ) လ(၃) Grade-6 မှ မနန်းလောင်ဟွမ်၏ မိခင် အမည်မှန်မှာ ဒေါ်နန်းဆောင်ခမ်းတစ် ၁၃/ကတန(နိုင်)၁၁၇၄၅၂ ဖြစ်ပါကြောင်း။

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း မောင်ဆန်းလင်းထွန်း ၁၂/ဥကမ(နိုင်)၂၁၇၀၄၆ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ ဣန္ဒာ ၁ လမ်း၊ အမှတ် ၄၁၈နေ ဦးသံချောင်း(ဘ)ဦးစိန်ဖိုး (PBU-၀၁၄၆၉၅)၁၂/ဥကမ(နိုင်)၁၀၇၃၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ) ရပ်ကွက်၊ ဣန္ဒာ ၁လမ်း၊ အမှတ် ၄၁၈ နေ ဦးသံချောင်း(ဘ)ဦးစိန်ဖိုး ၁၂/ဥကမ(နိုင်) ၁၀၇၃၇၅က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ ဣန္ဒာ ၁ လမ်း၊ အမှတ် ၄၁၈နေ မောင်ဆန်းလင်းထွန်း (ဘ)ဦးမျိုးမြင့် ၁၂/ဥကမ(နိုင်)၂၁၇၀၄၆ ထံသို့ ရန်ကင်းမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၅-၈-၂၀၂၂ရက်စွဲပါ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၅၁၈၄/၂၀၂၂)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးသံချောင်းအနေဖြင့် မောင်ဆန်းလင်းထွန်းထံသို့ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၅၁၈၄/၂၀၂၂) အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း မောင်ဆန်းလင်းထွန်းနှင့် အများသိစေရန်ကြေညာ အပ်ပါသည်။

**ဦးသံချောင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထိုက်ထိုက်ကျော်(LL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၁၉)**
**အမှတ် ၁၃၉၊ ဒုတိယထပ်(ဂ)၊ ဥက္ကာ ၅လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၀၈၈၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၇၉၇၇၈, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Shwe Nyaung Oo Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/17115, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းအောင် ၁၄/အမန(နိုင်) ၂၁၇၉၀၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

